# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာ ၃၁ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ(၄၆)၊ အမှတ် (၉၂)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။



## လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိ

လွတ်လပ်သော နိုင်ငံသားများအဖြစ် မွေးဖွားလာခဲ့ပြီး လွတ်လပ်ရေး၏ တန်ဖိုး၊ လွတ်လပ်ရေး၏ အရသာကို ကောင်းစွာသိမြင်နားလည်သော ယနေ့လူငယ်များသည် မျိုးဆက်သစ်များပီပီ အမိနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို စည်းလုံးညီညွတ်သောအင်အားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ**
**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ**
(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ သဝဏ်လွှာမှ–

# အောင်မြင်ဖြစ်ထွန်းနေသည့် အခြေခံကောင်းများ ယိုယွင်းပျက်စီးအောင် နှောင့်ယှက်ခြင်းသည် စစ်မှန်သောဒီမိုကရေစီစနစ်ဖြစ်ထွန်းလာမည့် အလားအလာကောင်းများကို ဟန့်တားခြင်းဖြစ်

# အဖျက်အမှောင့်သမားများ၏အန္တရာယ်ကို ပြည်သူအားလုံးနှင့်အတူ လက်တွဲတိုက်ဖျက်

# အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားကောင်းများ ပြည့်ပြည့်ဝဝပေါ်ထွန်းလာရေးကြိုးပမ်း

ရန်ကုန် ဒီဇင်ဘာ ၃၀

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယမန်နေ့ မွန်းလွဲ၂နာရီက ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပသည့် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။**



**တက်ရောက်**

သင်တန်းဆင်းပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှေ့နေချုပ်၊ စစ်ဥပဒေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ ဆရာဆရာမများ တက်ရောက်ကြသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✡

**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းတွင် စံပြအဆောင်ဆုရ သင်တန်းသားတပ်ခွဲ(၅) အဆောင်(၇)မှ သင်တန်းသားများကိုယ်စား သင်တန်းသားခေါင်းဆောင်အား ဆုချီးမြှင့်စဉ်။** (သတင်းစဉ်)

**မြန်မာ့အလင်း (၅၉) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုကြိုဆို**




❐ ပြည်ပမှ ကိုလိုနီ လက်သစ်တို့၏ နှောင့်ယှက်နေမှုများသည် ပြည်ထောင်စုသားတို့၏ စည်းလုံးမှု နေရောင်ခြည်အောက်တွင် ဆပ်ပြာပူဖောင်းများသဖွယ် ပေါက်ကုန်မည်သာဖြစ်။

တက္ကသိုလ်မြတ်သူ ၏
လွတ်လပ်ရေးအရသာ ခံစားစံစားနိုင်ရန်
လွတ်လပ်ရေးစိတ်ဓာတ်ကိုယ်စီဖြင့်
ကြိုးပမ်းကြပါစို့
ဆောင်းပါး(စာ–၄နှင့်၅)

❐ လွတ်လပ်ရေးသတိ အမြဲရှိ

ခွန်ရဲသွေး(အေးသာယာ) ၏ ကဗျာ (စာ–၅)

❐ ဖွံ့ဖြိုးဝေစည်တဲ့အပင်ကြီးဖြစ်အောင်

ရဲမင်းထက် ၏ ကာတွန်း (စာ–၅)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်)

# ယာဉ်အန္တရာယ် ကင်းရှင်းရေး ပြည်သူများ ပူးပေါင်းဆောင်ရွက်

နေပြည်တော်သည် ရန်ကုန်–မန္တလေးမြို့ကြီး နှစ်မြို့၏ အလယ်တွင် တည်ရှိပြီး ရထားလမ်း၊ ကားလမ်းဆက်သွယ်ထားသည့် အဓိကလမ်းမကြီးပေါ်တွင်လည်း တည်ရှိသည်။ ပထဝီအနေအထားအရ အချက်အချာကျသော နေရာဒေသတစ်ခု ဖြစ်သည်။

ယခုအခါ နေပြည်တော်၌ တိုးတက်ပြောင်းလဲလာသော လူမှုစီးပွားရေး အခွင့်အလမ်းများကြောင့် မော်တော်ယာဉ်စီးရေသည်လည်း တိုးပွားလာလျက်ရှိသည်။

ထို့ကြောင့် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီက ယာဉ်မတော်တဆဖြစ်မှုအန္တရာယ်မှ ကျော်လွှားနိုင်ရေးအတွက် ပထမအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကို ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ ရက်အထိ ခင်းကျင်း ပြသလျက်ရှိသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးရေး ဦးတည်ချက်ကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပြခန်း၊ ပြကွက်နှင့် ပြိုင်ပွဲများကို ပြည်သူများ ဗဟုသုတရရှိစေရန် ခင်းကျင်း ပြသထားသည်။

နေပြည်တော်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရွက်ရာ၌ တာဝန်ရှိသူများ၏ စီမံခန့်ခွဲမှု၊ စွမ်းဆောင်မှုသာမက ပြည်သူများ စိတ်ပါဝင်စားစွာ ပူးပေါင်းဆောင်ရွက်မှု အလေ့အကျင့်ကောင်းများလည်းရှိရန် လိုအပ်သည်။

ပြည်သူများ အလေ့အကျင့်ကောင်းများ ရရှိစေရေးအတွက် အသိပညာပေးခြင်း၊ ယာဉ်ပိုင်းဆိုင်ရာ၊ လမ်းပိုင်းဆိုင်ရာနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာ သင်္ကေတ၊ လမ်းညွှန်မှုများ စက်မှုအတတ်ပညာများဖြင့် ထိန်းချုပ်ခြင်းအပြင် ဥပဒေပိုင်းဆိုင်ရာနည်းတို့ဖြင့် စည်းရုံးဆောင်ရွက်သွားရမည် ဖြစ်သည်။

သို့ဖြစ်ရာ ယာဉ်မောင်းများက သတ်မှတ်ချက်များကို တိကျစွာ လိုက်နာမောင်းနှင်ခြင်း၊ ခရီးသွားပြည်သူများကလည်း လမ်းစည်းကမ်းများကို အလေးထားလိုက်နာကြခြင်းဖြင့် ယာဉ်မတော်တဆဖြစ်မှုများ လျော့နည်းကျဆင်းလာပြီး ယာဉ်အန္တရာယ် ကင်းရှင်းစွာ သွားလာနိုင်ကြမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဗီယက်နမ်၌ အင်တာနက်၊ တယ်လီဖုန်းအသုံးပြုမှု မြင့်တက်

ဟန္နိုင်း ဒီဇင်ဘာ ၃၀

**ဗီယက်နမ်နိုင်ငံတွင် ၂၀၀၅ ဒီဇင်ဘာလဆန်းတွင် အင်တာနက် အသုံးပြုသူ ၉ဒသမ ၉သန်းရှိပြီး နိုင်ငံလူဦးရေ၏ ၁၂ ရာခိုင်နှုန်းရှိရာမှ ၂၀၀၆ ခုနှစ် ဒီဇင်ဘာလဆန်း၌ အင်တာနက်အသုံးပြုသူ ၁၄ ဒသမ ၅သန်းရှိလာသဖြင့် နိုင်ငံလူဦးရေ၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။**

ယခုနှစ်တွင် ဗီယက်နမ်နိုင်ငံ၏ လူဦးရေမှာ ၈၃ သန်းကျော်ရှိနေရာ ကြိုးတပ်ဖုန်းနှင့် မိုဘိုင်းလ်ဖုန်းအသုံးပြုသူ ၁၀သန်း ချထားပေးခဲ့ရာ နှစ်ချင်းအလိုက် မြင့်တက်မှု ၁၈ရာခိုင်နှုန်း ရှိသည်။

**အသုံးပြု**

ယခုအချိန်တွင် ဗီယက်နမ်နိုင်ငံအတွင်း တယ်လီဖုန်း အသုံးပြုသူ ၂၅ ဒသမ ၅ သန်းရှိပြီး အများစုမှာ မိုဘိုင်းလ်ဖုန်း အသုံးပြုသူများ ဖြစ်ကြသည်။

**ပြောကြား**

လာမည့် ၂၀၁၀ပြည့်နှစ်၌ ဗီယက်နမ်နိုင်ငံသား ၁၀၀တွင် တယ်လီဖုန်းအသုံးပြုနိုင်သူ ၃၂ဦးမှ ၄၂ ဦး အထိ လည်းကောင်း၊ ကိုယ်ပိုင်ကွန်ပျူတာအသုံးပြုနိုင်သူ ၁၀ ဦးကျော်နှင့် အင်တာနက်တစ်ဆင့်ခံ အသုံးပြုသူ ရှစ်ဦးမှ ၁၂ဦးအထိ လည်းကောင်း၊ အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်သွယ်သုံးစွဲသူ ၃၀ ရာခိုင်နှုန်းရှိကြောင်း ဆက်သွယ်ရေးနှင့်နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဌာနက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## ပြင်သစ်ဂြိုဟ်တုကို သယ်ဆောင်သွားသည့် ဆိုယုဇ်–၂ ဒုံးပျံလွှတ်တင်

မော်စကို ဒီဇင်ဘာ ၃၀

**နေ၏အပြင်ဘက်ရှိ ကမ္ဘာဂြိုဟ်ကဲ့သို့သော ဂြိုဟ်တစ်ခုကိုလေ့လာသုတေသနပြုရန် ပြင်သစ်အာကာသ သုတေသန ဂြိုဟ်တုတစ်ခုကိုသယ်ဆောင်သွားမည့် ရုရှားဒုံးပျံတစ်စင်းအား ဒီဇင်ဘာ ၂၇ ရက်က လွှတ်တင်လိုက်သည်။**

အဆိုပါ ဆိုယုဇ်–၂ ဒုံးပျံသည် ကိုရော့ဂြိုဟ်တုကို သယ်ဆောင်လျက် မော်စကိုစံတော်ချိန် ၅နာရီ၂၃မိနစ် (ဂရင်းနစ်စံတော်ချိန် ၁၄၂၃)အချိန်၌ ကာဇက်စတန်ရှိ ဘိုင်ကူနော့ဒုံးပျံလွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်ခြင်း ဖြစ်ကြောင်း အီတာတက်စ်သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

ကိုရော့ဂြိုဟ်တုတွင် စင်တီမီတာ ၃၀ အကျယ်ရှိသော အဏုကြည့်မှန်ပြောင်းနှင့် ကင်မရာနှစ်ခုပါရှိသွားပြီး ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း အခြားကြယ်တာရာများကိုလည်း လေ့လာသုတေသနပြု မှတ်တမ်းတင်သွားမည် ဖြစ်သည်။

ယခုအာကာသခရီးစဉ်ကို ပြင်သစ်အမျိုးသားအာကာသ အေဂျင်စီ (စီအင်အီးအက်စ်)က ဦးဆောင်ဦးရွက် ပြုလုပ်ဆောင်ခြင်းဖြစ်ပြီး ဥရောပ အာကာသအေဂျင်စီ (အီဆာ)နှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ကိုရော့ အာကာသခရီးစဉ်သည် အောင်မြင်မည်ဟု မျှော်မှန်းထားပြီး အာကာသတွင် နှစ်နှစ်ခွဲခန့်ကြာလေ့လာသုတေသနပြုသွားနိုင်မည်ဟုလည်း ရည်မှန်းထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ခရစ္စမတ်ပွဲတော်ကာလ ဘရာဇီး၌ ယာဉ်မတော်တဆမှုကြောင့် လူ ၉၀ သေဆုံး

**ဘရာဆီးလီးယား ဒီဇင်ဘာ ၃၀**

ဘရာဇီးနိုင်ငံ၌ ခရစ္စမတ်ကာလအတွင်း ယာဉ်မတော်တဆမှုများ ဖြစ်ပွားခဲ့ရာ ဖြစ်စဉ်ပေါင်း ၁၇၄၃ ခု ရှိပြီး လူ ၉၀ သေဆုံးကာ ၁၂၀၈ ဦး ဒဏ်ရာရရှိသွားကြောင်း ရဲအဖွဲ့က ဒီဇင်ဘာ ၂၆ ရက်တွင် ပြောကြားသည်။

**များပြားလာ**

ယင်းမတော်တဆ မှုများသည် ယမန်နှစ်ကထက် အလွန်များပြားလာကြောင်းလည်း ရဲအဖွဲ့က ပြောကြားသည်။ ၎င်းပွဲတော်ကာလအတွင်း ယာဉ်မောင်း ၂၀၀၀၀ ကို ဒဏ်ရိုက်ခဲ့ကြောင်း၊ ယင်းတို့တွင် ၅၀၀၀ မှာ အရှိန်ပြင်းစွာ မောင်းနှင်ခြင်းကြောင့် ဒဏ်ရိုက်ခဲ့ခြင်းဖြစ်ကြောင်း ရဲအဖွဲ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြဝတီရုပ်မြင်သံကြား

**၃၁–၁၂–၂၀၀၆**

**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၀ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၇:၅၅ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၁၅ | ၁၁။ | ဆရာတော် ဦးဃောသိတ တရားတော် **"၆၂ ပါးသော မိစ္ဆာဒိဋ္ဌိများ"** |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"လက်တွဲဖော်"** |
| ၁၃:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၅၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅:၀၀ | ၈။ | သံစဉ်များနှင့်ကမ္ဘာ |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၄၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ကျေးတောသူ"** (အပိုင်း–၁၆) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း–၃၁) |



## လှူဒါန်း

**မန္တလေးမြို့ပြမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင် တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် ပဲခူးတိုင်း ဖြူးမြို့နေ ကျောင်းအမကြီး ဒေါ်လှကြိုင် (ကျားပျံဆေးပေါ့လိပ်)နှင့် သားသမီး၊ မြေးမြစ်တစ်စုက အလှူငွေကျပ် သုံးသိန်းကို လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပုညသုခကျောင်း ဆရာတော် ဦးဇောတိကထံ ဆက်ကပ်လှူဒါန်း၍ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ချီးမြှင့်စဉ်။** (က–ပ)

# အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်(ကြည်း၊ရေ၊လေ)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလားချီးမြှင့်

ရန်ကုန် ဒီဇင်ဘာ ၃၀

**၂၀၀၆ခုနှစ် (၄၅)ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ ပြိုင်ပွဲကို ကြည့်ရှုအားပေးပြီး တံခွန်စိုက်ဆုဖလားကြီးချီးမြှင့်သည်။**

## ကြည့်ရှုအားပေး

ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ စစ်သံမှူးများ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တပ်မတော်အရာရှိ၊ အရာခံ၊ အကြပ်၊ စစ်သည်များနှင့် ၎င်းတို့၏မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ဘောလုံးအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။

ဗိုလ်လုပွဲတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းနှင့် တပ်မတော်(လေ)ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(လေ)အသင်းက တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းကို နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

## ပေးအပ်ချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ခြင်းကိုဆက်လက်ကျင်းပရာ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဇင်ယော်က တတိယဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းအား ဆုချီးမြှင့်ပြီး ဧရာဝတီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဝင်းရှိန်က ဒုတိယဆုရရှိသော တောင်ပိုင်းတိုင်းစစ်ဌာနချုပ်ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းက ပထမဆုရရှိသော တပ်မတော်(လေ)ဘောလုံးအသင်းအား တစ်ဦးချင်းဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုရရှိကြသူများနှင့် အသန့်ရှင်းဆုံး ဘောလုံးအသင်းဆုရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ဘောလုံးအသင်းအား ဆုများကို ချီးမြှင့်ပေးအပ်လိုက်သည်။

## ဆုဖလားချီးမြှင့်

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ပထမဆုရရှိသော တပ်မတော်(လေ)အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဆုဖလားကြီးနှင့် ဆင့်ပွားဖလားကို ပေးအပ်ချီးမြှင့်လိုက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သားများအား ကြိုဆိုနှုတ်ဆက်

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေသည် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ ဒီဇင်ဘာ ၅ရက်မှ ၂၈ရက်အထိ ကျင်းပခဲ့သည့် မြန်မာ–အိန္ဒိယ တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးကားမောင်းပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ခဲ့ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်မှူးကြီးစိန်သန်း ဦးဆောင်သော မြန်မာ့တပ်မတော်မှ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သားများအား ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

## ကြိုဆိုနှုတ်ဆက်

ကြိုဆိုနှုတ်ဆက်ရာသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများကလည်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

အလားတူ ရန်ကုန်တပ်နယ်နှင့် မင်္ဂလာဒုံတပ်နယ်တို့မှ တပ်မတော်စစ်သည်မိသားစုများကလည်း ပန်းကုံးများစွပ်၍လည်းကောင်း၊ အောင်သပြေပန်းများ ကမ်းလှမ်း၍လည်းကောင်း ကြိုဆိုနှုတ်ဆက်ကြသည်။

## နှုတ်ဆက်စကားပြောကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ဧည့်ခန်းမ၌ မြန်မာ့တပ်မတော်မှ ကားမောင်းပြိုင်ပွဲဝင် တပ်မတော်သားများအား ရင်းရင်းနှီးနှီး ဂုဏ်ပြုကြိုဆို နှုတ်ဆက်စကားပြောကြားသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

## ကြိုဆို

ရှေးဦးစွာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် နံနက် ၆နာရီ မိနစ် ၄၀တွင် အမျိုးသားညီလာခံကျင်းပရာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အမျိုးသားညီလာခံ ကျင်းပရေး ကျွေးမွေးဧည့်ခံရေး ဆပ်ကော်မတီရုံးရှေ့ စုရပ်သို့ရောက်ရှိလာကြရာ အမျိုးသားညီလာခံ ကိုယ်စားလှယ်များက ကြိုဆိုကြသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် မိမိတို့၏ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြတော့မည့် ပြည်နယ်နှင့်တိုင်းများမှ ညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

## ပို့ဆောင်နှုတ်ဆက်

ယင်းနောက် အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် နံနက်၇နာရီတွင် မော်တော်ယာဉ်တန်းများဖြင့် ညောင်နှစ်ပင်စခန်းမှ ထွက်ခွာကြရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များက လက်များဝှေ့ယမ်းကာ ပို့ဆောင်နှုတ်ဆက်ကြသည်။

အလားတူ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကော်မရှင်အဖွဲ့ဝင် စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် ကော်မရှင်အဖွဲ့ဝင်များသည် အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပပြီးစီး၍ ခေတ္တရပ်နားချိန်၌ ညောင်နှစ်ပင်စခန်းမှ မိမိတို့နေထိုင်ရာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ဒီဇင်ဘာ ၂၉ရက် မွန်းလွဲပိုင်းတွင် စုရပ်၌ ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၃၁–၁၂–၂၀၀၆ ရက် (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

၇း၀၀ ၁။ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇း၅၅ ၅။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
၈း၀၅ ၆။ အတီးပြိုင်ပွဲ
၈း၁၅ ၇။ ပေါင်းစည်းအင်အား ဧရာဝတီမြစ်ကူးတံတားများ
၈း၃၀ ၈။ International News
၈း၄၅ ၉။ Say it in English

**နေ့လယ်ပိုင်း**

၁၁း၀၀ ၁။ စစ်သည်တေး
၁၁း၁၀ ၂။ တေးဂီတအစီအစဉ်
၁၁း၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၃၅ ၄။ Yan Can Cook
၁၁း၅၀ ၅။ မြန်မာရုပ်ရှင် **“သူ့ကျွန်မခံပြီ”** ညွှန့်ဝင်း၊ ကျော်သူ၊ ကျော်ရဲအောင်၊ လွင်မိုး၊ စံရှားတင်၊ မေသန်းနု၊ နန္ဒာလှိုင်၊ ချိုသင်း (ဒါရိုက်တာ–ကြည်စိုးထွန်း)
၁၄း၃၅ ၆။ **“တန်ဖိုး”** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ–သက်တင်)
၁၄း၄၅ ၇။ International News

**ညပိုင်း**

၁၆း၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၆း၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၁၇း၀၀ ၅။ (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုအစီအစဉ်
၁၇း၁၅ ၆။ ဆိုကြမယ် ပျော်ကြမယ်
၁၈း၀၀ ၇။ ညနေခင်းသတင်း
၁၈း၃၀ ၈။ မိုးလေဝသအခြေအနေ
၁၈း၃၅ ၉။ သီရိဂေဟာ
၁၉း၀၀ ၁၀။ Discovery
၁၉း၁၀ ၁၁။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ကြယ်ကြွေရင်ခုန်သံ”** (အပိုင်း–၈)
၁၉း၄၅ ၁၂။ အချုပ်အခြာအာဏာခွန့်ရှည်ကြာခိုင်မာစေမှု ဒို့ရေးရှု **“ပညာတိုးတက် တို့ကျေးလက်”**
၂၀း၀၀ ၁၃။ ပြည်တွင်းသတင်း
၁၄။ နိုင်ငံတကာသတင်းများ
၁၅။ မိုးလေဝသအခြေအနေ
၁၆။ လပတ်မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **“လှပသောနေ့ရက်များ”** (အပိုင်း–၁၂)





**စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်းအမှတ် ဇောတိက–၁(က)၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve ဖွင့်ပြီး အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးစဉ်။** (စွမ်းအင်)

■ *ကျောဖုံးမှ*

အဆိုပါလုပ်ကွက် M-9 အတွင်း၌ အစမ်းတွင်းအမှတ် ဇောတိက–၁(က)ကို ၂၀၀၆ခုနှစ် ဒီဇင်ဘာ၄ရက်တွင် တွင်းတူးစင် Doo Sung ဖြင့် တူးဖော်ခဲ့ရာ ဒီဇင်ဘာ ၂၃ရက်တွင် အနက် ၁၁၇၀၃ပေသို့ ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ အနက်ပေ ၂၄၈၄ ပေနှင့် ၅၁၇၇ပေအကြားတွင်ရှိသည့် သဲကြောများ၌ စီးပွားဖြစ် သဘာဝဓာတ်ငွေ့ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။

## အလားအလာကောင်းများ

ဇောတိက–၁(က)ကို တူးဖော်စမ်းသပ်ပြီး ပဏာမတွေ့ရှိမှုများအရ အဆိုပါဘူမိအနေအထားတွင် သဘာဝဓာတ်ငွေ့ ခိုအောင်းနိုင်မှုမှာ ၂ဒသမ၅ ထရီလီယံကုဗပေ 2.5 TCF ခန့်ရှိမည်ဖြစ်ကြောင်း စမ်းသပ်တွေ့ရှိရသည်။ လုပ်ကွက်အမှတ် M-9အတွင်း အခြား အလားအလာကောင်းသည့် ဘူမိအနေအထားများကိုလည်း ဆက်လက်တူးဖော် စမ်းသပ်သွားမည်ဖြစ်ရာ ခန့်မှန်းတွက်ချက်မှုများအရ ယင်းလုပ်ကွက်အတွင်း သဘာဝဓာတ်ငွေ့ (၈) ထရီလီယံကုဗပေနှင့်အထက် (above 8 TCF) ခိုအောင်းနိုင်သည့် အလားအလာကောင်းများ တွေ့ရှိရသည်။

## ထပ်မံတွေ့ရှိ

ယခုလုပ်ကွက် M-9မှ သဘာဝဓာတ်ငွေ့တွေ့ရှိမှုသည် ယခင် တွေ့ရှိပြီးဖြစ်သည့် ရတနာစီမံကိန်း၊ ရဲတံခွန်စီမံကိန်းနှင့် ရခိုင်ကမ်းလွန် ရွှေသဘာဝဓာတ်ငွေ့သိုက်တို့ကဲ့သို့ပင် နိုင်ငံတကာအဆင့်မီ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခုအဖြစ် ထပ်မံတွေ့ရှိခြင်းဖြစ်သည်။

လုပ်ကွက်အမှတ် M-9အတွင်း နောက်ထပ်ရှာဖွေရေး တွင်းသစ်ပေါင်းခြောက်တွင်းကို ၂၀၀၇ခုနှစ် ပွင့်လင်းရာသီအတွင်း ထပ်မံတူးဖော်သွားမည်ဖြစ်ရာ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကိုလည်း နိုင်ငံတော်အတွက် အကျိုးအများဆုံးရရှိစေမည့် နည်းလမ်းများဖြင့် စွမ်းအင်ဝန်ကြီးဌာနက စီမံချက်ချမှတ်ပြီး အမြန်ဆုံးအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါမုတ္တမကမ်းလွန် လုပ်ကွက်အမှတ် M-9 ရှာဖွေရေး တွင်းအမှတ် ဇောတိက–၁(က)မှ သဘာဝဓာတ်ငွေ့သိုက် ရှာဖွေတွေ့ရှိမှုကြောင့် နိုင်ငံတော်အနေဖြင့် သဘာဝဓာတ်ငွေ့ အရင်းအမြစ်ပိုင်ရှင်အဖြစ် အချိုးကျခံစားခွင့်များ ရရှိမည့်အပြင် အစုဝင်အဖြစ် အရင်းအနှီးပါ ထည့်ဝင် ဆောင်ရွက်သွားမည်ဖြစ်ရာ နိုင်ငံတော်အတွက် အကျိုးအမြတ်များ ထူးခြားစွာ ရရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## (၅၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြုဆောင်းပါး

# လွတ်လပ်ရေးအရသာ ခံစား၊ စံစားနိုင်ရန် လွတ်လပ်ရေးစိတ်ဓာတ်ကိုယ်စီဖြင့် ကြိုးပမ်းကြပါစို့




လွတ်လပ်ရေးဟူသည် မည်သည့်လူမျိုးမျှ လက်လွတ်ဆုံးရှုံးမခံနိုင်သော အမြတ်တော ရတနာဖြစ်သည်။ လွတ်လပ်ရေးဟူသည် နိုင်ငံမြေတစ်ခုနှင့် ယင်းမြေပေါ်မှ နိုင်ငံသားတို့၏ ဂုဏ်ဒြပ်ပင် ဖြစ်သည်။ လွတ်လပ်ရေးကို လက်လွတ်ဆုံးရှုံးရန် လွယ်သလောက် ယင်းလွတ်လပ်ရေး ပြန်လည်ရရှိအောင် ကြိုးပမ်းရာ၌ အလွန်တရာ ခက်ခဲလှသည်။ အသက်၊ သွေး၊ ချွေး စတေးရသည်။ စွန့်လွှတ်၊ စွန့်စား ညီညွတ်မှုစွမ်းပကားဖြင့် တိုက်ယူရသည်။ ဤသို့ တိုက်ယူရာမှာလည်း ကာလကြာမြင့်တတ်သည်။ ရက်တိုတိုဖြင့် လွယ်လွယ်ကူကူ မရနိုင်ကြောင်း မြန်မာ့သမိုင်း၊ ကမ္ဘာ့သမိုင်းတို့၌ ထင်ရှားပေါ်လွင် မှတ်တမ်းတင်ပြီး ဖြစ်ပေသည်။

လွတ်လပ်သောနိုင်ငံ (ဝါ) အချုပ်အခြာအာဏာပိုင်ဆိုင်ရာ နိုင်ငံနှင့်လူမျိုးတို့သည် ကမ္ဘာ့အလယ်၌ ထည်ထည်ဝါဝါ မားမားမတ်မတ် ရပ်နိုင်ကြပေသည်။ အချုပ်အခြာအာဏာ၏ သဘောတရားအရ လွတ်လပ်သောလူမျိုးသည် မိမိတို့လူမျိုး၊ မိမိတို့နိုင်ငံတော်အတွက် အလိုအပ်ဆုံး၊ အရှိအပ်ဆုံးသော နိုင်ငံဖွဲ့စည်းပုံ အခြေခံဥပဒေကို လွတ်လပ်စွာ တိုင်ပင်ဆွေးနွေး ရေးဆွဲနိုင်ကြသည်။ ပြည်သူလူထုသဘောဆန္ဒနှင့် ကိုက်ညီသော အခြေခံဥပဒေကို ပြည်သူတို့က သဘောတူ၊ ခွင့်ပြု၊ ပြဋ္ဌာန်းအတည်ပြုနိုင်ပေသည်။ နိုင်ငံအေးချမ်း သာယာရေး၊ လုံခြုံရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော ဥပဒေများကိုလည်း အချုပ်အခြာအာဏာရပ်က ပြဋ္ဌာန်းပေးနိုင် ပေသည်။ ယင်းအချုပ်အခြာ အာဏာကို ဥပဒေပြုခွင့်အာဏာဟု သုံးနှုန်းကြသည်။

ပြည်သူတို့၏ လုံခြုံအေးချမ်းရေးနှင့် အသက်၊ အိုးအိမ်၊ စည်းစိမ်ကို မတော်မတရား နှောင့်ယှက်ဖျက်ဆီးမှုမှ ကာကွယ်ပေးကာ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးတိုးတက်စေလျက် ပြည်သူတို့၏ စားဝတ်နေရေးဘဝ၊ လူနေမှုဘဝ အဆင့်အတန်း မြင့်သည်ထက်မြင့်အောင် အချုပ်အခြာအာဏာပိုင် ပြည်သူတို့ကိုယ်စား စီမံခန့်ခွဲ(အုပ်ချုပ်)သော ယန္တရားကို ပြည်သူ့စိတ်ကြိုက် ဖော်ဆောင်နိုင်ပေသည်။ ယင်းသို့ ပြည်သူတို့ အကျိုးစီးပွားအတွက် စီမံခန့်ခွဲခြင်းကို အုပ်ချုပ်ရေးအာဏာရပ်ဟု ခေါ်ပေသည်။ ဤသည်လည်း အချုပ်အခြာအာဏာကို ကျင့်သုံးခြင်း ဖြစ်လေသည်။

အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သော ဥပဒေပြုရေးအာဏာ(Legislative power)၊ အုပ်ချုပ်ရေးအာဏာ (Administrative power or Executive power)တို့အရ ပြဋ္ဌာန်းထားသော ဥပဒေများ ရှင်သန်သက်ဝင်နေအောင်၊ နိုင်ငံတော် တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးသာယာဝပြောစေရန် တာဝန်ယူရသည့် အုပ်ချုပ်ရေး(စီမံခန့်ခွဲရေး)အောင်မြင်အောင် တရားစီရင်ရေး အာဏာ(Judicial power)က ထိန်းသိမ်းပေးရလေသည်။

**တက္ကသိုလ်မြတ်သူ**

ရပ်ရွာအေးချမ်းသာယာပြီး ပြည်သူတို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ ချမ်းသာအောင် အချုပ်အခြာအာဏာရပ်ကြီး(ယင်း၏ ခက်မသုံးဖြာ)က တာဝန်ယူဆောင်ရွက်ပေးနိုင်ခြင်းသည်ပင် လွတ်လပ်ခြင်း၏ အကျိုးရလဒ်ကောင်း ဖြစ်လေသည်။ တိုင်းတစ်ပါးသား ကျူးကျော်မှုအောက် ကျရောက်(ကျွန်ဖြစ်)ပြီဆိုလျှင် နိုင်ငံသားများကို ဖိနှိပ်ချုပ်ချယ်ညှဉ်းပန်းသွေးစုပ်သော ဥပဒေများကိုသာ တိုင်းတစ်ပါးသားတို့က ပြဋ္ဌာန်းပြီး သခင်နှင့်ကျွန် ခွဲခြားဆက်ဆံသော အုပ်ချုပ်ရေးပုံစံကို ကျင့်သုံးကာ ကိုယ့်နိုင်ငံ ကိုယ့်လူမျိုးကိုချစ်သော၊ သစ္စာရှိသော၊ မျိုးချစ်ပြည်ချစ် အမျိုးသားရေးဝါဒီများကို ဖိနှိပ်ချုပ်ချယ် ကွပ်မျက်သော နယ်ချဲ့တရားစီရင်ရေး ပုံစံကျင့်သုံးကြမြဲ ဖြစ်သည်။

ကိုလိုနီကျွန်ပြုခံရသောနိုင်ငံ၏ ပိုင်နက်နယ်မြေကို နယ်ချဲ့သမားက ပိုင်းခြားခွဲစိတ် ဖြိုခွဲပစ်သည်။ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက်နှင့် လေထုအတွင်းရှိ သဘာဝသယံဇာတ အရင်းအမြစ်မှန်သမျှ၊ နိုင်ငံသားတို့လုပ်အားဝါယမဖြင့် ပေါ်ထွက်လာသော သီးနှံထွက်ကုန်မှန်သမျှကို နယ်ချဲ့တို့က လက်ဝါးကြီးအုပ်၊ အမြတ်ထုတ်သွေးစုပ်ယူငင်ကြမြဲ ဖြစ်သည်။ မြန်မာတို့လည်း ကြုံဖူး၊ ကမ္ဘာ့ပြည်သူအများစုကြီးလည်း ကြုံဖူးသော ကိုလိုနီနယ်ချဲ့ လက်ဟောင်း၊ လက်သစ်တို့၏ကျူးကျော်ခြယ်လှယ်၊ စိုးမိုးသွေးစုပ်မှု အနိဋ္ဌာရုံများသည် လွတ်လပ်ရေးလက်လွတ်ဆုံးရှုံးမှု၏ ပြယုဂ်များပင်ဖြစ်သည်။ ထို့ကြောင့် မြန်မာတို့သည် မိမိတို့အမွန်အမြတ် ထွေးပိုက်ထားအပ်သော လွတ်လပ်ရေးကို လုံးဝ(လုံးဝ) လက်လွှတ် ဆုံးရှုံးမခံနိုင်ကြတော့ပေ။

ရှေးက လွတ်လပ်ရေးဆုံးရှုံးခဲ့ရသော ချွတ်ယွင်းချက်၊ အားနည်းချက်၊ ဟာကွက်များမှ သင်ခန်းစာထုတ်ယူပြီး၊ လွတ်လပ်ရေးပြန်ရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် လွတ်လပ်ရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းရယူခဲ့သော စံနမူနာကောင်းကို ဆက်လက်ခံယူလျက် မိမိတို့ပြည်ထောင်စု၊ မိမိတို့စည်းလုံးညီညွတ်ရေး၊ မိမိတို့ပိုင်ဆိုင်သည့် အချုပ်အခြာအာဏာ (ဝါ) လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်သွားကြရမည်သာ ဖြစ်ပေသည်။

> **လွဲမှားသော အစွဲများ၊ ကွဲပြားသော အစွဲများကြောင့် ပြည်သူတို့ လွတ်လပ်ပြီး နှစ်ပေါင်း၄၀ကျော် အသက်ကို ဖက်နှင့်ထုပ် ပြေးနေခဲ့ကြရ။ ပြည်တွင်းရောင်စုံ သောင်းကျန်းမှု(ဝါ)ပြည်တွင်းဆူပူမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုနှင့် ဝေးချင်တိုင်း ဝေးနေခဲ့ရ။ ငြိမ်းချမ်းရေးဟူသည် မြန်မာတို့နှင့် မသက်ဆိုင်သလို ဖြစ်နေခဲ့ရ။**

ယနေ့ ဤကမ္ဘာမြေပြင်၌ ကိုလိုနီလက်သစ်ပုံစံတွင် ကိုလိုနီလက်ဟောင်းပုံစံပါ ရောစွက်လျက် (သွယ်ဝိုက်ကျွန်ပြုနည်းကို ကျော်လွန်ကာ ဗြောင်ကျူးကျော်၊ ဗြောင်ဝင်တိုက်၊ ဗြောင်သိမ်းပိုက်၊ ယင်းနိုင်ငံများမှ သယံဇာတများ ဗြောင်လုယက်လျက်) ကုလသမဂ္ဂပဋိညာဉ်စာချုပ်ကြီးနှင့်တကွ နိုင်ငံတကာဥပဒေစံနှုန်းများချိုးဖောက်နေသော ဗိုလ်ကျစိုးမိုးမှု၊ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးရမ်းကားသောင်းကျန်းမှုသရုပ်ကို နိုင်ငံတကာသတင်းမြင်ကွင်းများက အထုပ်ဖြေပြနေပေသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ဓာတိပုညအားဖြင့် ဂုဏ်မာနတက်နိုင်သည့် နိုင်ငံဖြစ်သည်။ ကျောက်ခေတ်ကာလ မြန်မာ့မြေ၊ မြန်မာ့မြေပေါ်မှ ရှေးရှေးလူသားများ တည်ရှိမှုအထောက်အထား၊ ပုံတောင်ပုံညာဒေသမှ လွန်ခဲ့သည့်နှစ်ပေါင်း သန်းလေးဆယ်ကာလကတည်းက ရှိနေခဲ့သည့်ကျောက်ဖြစ်ရုပ်ကြွင်း၊ လူတူပရိုင်းမိတ်ရုပ်ကြွင်းတို့အရ ကမ္ဘာ့လူသားအစ မြန်မာက၊ မြန်မာအစ ပုံတောင်ပုံညာကဟု ဂုဏ်ယူနိုင်ကြသည်။ ဓာတိမာန (ဓာတိမာန်) တက်နိုင်ကြသည်။ ကိုယ့်ထီး၊ ကိုယ့်နန်း၊ ကိုယ့်ကြငှန်းဖြင့် နှစ်ပေါင်းထောင်ချီပြီး လွတ်လပ်စွာနေထိုင်ခဲ့ပုံများ၊ ကိုယ်ပိုင်ယဉ်ကျေးမှု ရိုးရာအစဉ်အလာများ၊ အနုပညာရပ်များ အံ့မခန်းတည်ထောင်နိုင်ခဲ့ပုံများသည်လည်း ဂုဏ်ယူ၊ မာနတံခွန်ထူရမည့် မြန်မာ့သမိုင်းကောင်း ဖြစ်ပေသည်။

ဤပြည်ထောင်စု၊ ဤနိုင်ငံပိုင်နက်နယ်မြေတွင် စိုက်ပျိုးမြေကြွယ်ဝလှ၏။ သဘာဝသယံဇာတ၊ ရွှေငွေ၊ ကြေး၊ သွပ်၊ သံ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာစုံ ပြည့်စုံပေါများ၏။ ဥတုရာသီ၊ ရေကောင်း၊ မြေကောင်း ပြည့်ဝကောင်းမွန်၏။ အဖိုးတန်သစ်တောကြီးများ နိုင်ငံမြေဧရိယာ၏ ထက်ဝက်ခန့် ဖုံးလွှမ်းလျက်ရှိ၏။ ဖွံ့ဖြိုးတိုးတက်ရေး ရေခံမြေခံကောင်း၊ အရင်းအမြစ်ကောင်းအလျှံပယ်ရှိ၏။ ထို့ကြောင့် မြန်မာတို့သည် မြန်မာ့အချုပ်အခြာအာဏာကို မြတ်နိုးတွယ်တာ၏။ လက်လွှတ်မခံနိုင် ကာကွယ်စောင့်ရှောက်နေကြ၏။

စာမျက်နှာ ၅ ကော်လံ ၁ သို့

**ပြည်ပမှ ကိုလိုနီလက်သစ်တို့၏ နှောင့်ယှက်နေမှုများသည် ပြည်ထောင်စုသားတို့၏ စည်းလုံးမှုနေရောင်ခြည်အောက်တွင် ဆပ်ပြာပူဖောင်းများသဖွယ် ပေါက်ကုန်မည်သာဖြစ်။**

**လက်တစ်ဆုပ်စာမျှသာရှိသော အမျိုးသားသစ္စာဖောက်၊ ပြည်တွင်း ပုဆိန်ရိုး၊ ပြည်ပရောက် နယ်ချဲ့စားကြွင်းစားကျန်စားပြီး ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်လုပ်ပြနေသော ပြည်ပြေးများ၏ အပျက်အမှောင့် လုပ်ရပ်များသည် ခွေးလှေးခုန်သလောက်ပင် ဖုန်ထမည်မဟုတ်။**

## ဆူးလေစေတီ ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၃၀

ရန်ကုန်မြို့ ဆံတော်ရှင်ဆူးလေစေတီတော်မြတ်ကြီး၏ (၉၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကြီးကို ဂေါပကအဖွဲ့ကကြီးမှူး၍ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၁၇ရက်မှ ၂၁ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇာအနေဖြင့် ဇန်နဝါရီ၁၆ရက်မှ ၂၀ရက်အထိ ဆွမ်းတော်ကြီးတင်ကပ်လှူပူဇော်ခြင်း၊ ဓမ္မပူဇာအနေဖြင့် ဇန်နဝါရီ၁၂ရက်မှ ၂၀ရက်အထိ အသံမစဲအဘိဓမ္မာ ခုနစ်ကျမ်းရွတ်ဖတ်ပူဇော်ခြင်း၊ သံဃပူဇာအနေဖြင့် ၁၂ရက်(တနင်္ဂနွေနေ့) ညနေ၃နာရီတွင် သံဃာအပါး ၁၈၀နှင့်သီလရှင်အပါး၅၀တို့အား ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ခြင်းတို့ကို ကျင်းပသွားမည်ဖြစ်ရာ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း–၃၇၁၅၆၁၊၃၇၁၅၆၂၊ ၃၇၁၅၆၃တို့သို့ ဆက်သွယ်၍ ဖြစ်စေ ကုသိုလ်ပြုပါဝင်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က–ပ)




# ( ၅၉ ) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်ရေး။

☆ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးတို့အတွက် တိုင်းရင်းသားအားလုံး စုစည်း ထိန်းသိမ်းကာကွယ်ရေး။

☆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်း ပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ရေး။

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရေး။

စာမျက်နှာ ၄ ဆောင်းပါးမှ

ဤပြည်ထောင်စုသည် သမိုင်းကြောင်းကောင်း၏။ နိုင်ငံမြေသည် ရွှေရောင်ဝင်းလက်လျက်ရှိ၏။ တိုင်းရင်းသားစုံ ပြည်သူတို့၏ သွေးစည်းညီညွတ်မှု (ဝါ) စည်းလုံးညီညွတ်မှုမှာလည်း စံပြုလောက်၏။ ပြည်ပ ပယောဂများ၊ နိုင်ငံရေးအယူဝါဒကွဲလွဲ အစွဲကြီးလွန်းမှုများ ဂိုဏ်းစွဲဂဏစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ အစွန်းရောက်မှုများသာ မရှိကြဘဲ လွတ်လပ်ရေးကို တိုက်ယူစဉ်ကလို အမျိုးသားနိုင်ငံရေး၌ တစ်စုတစ်စည်းတည်း ရှိကြမည်ဆိုလျှင် မြန်မာနိုင်ငံသည် ဧကန်မုချ ဖွံ့ဖြိုးတိုးတက်သော ရွှေနိုင်ငံအဖြစ်သို့ ရောက်ရှိပြီး ဖြစ်နေပေလိမ့်မည်။ ပြည်သူတို့လည်း လွတ်လပ်ရေးအရသာကို အပြည့်အဝ ခံစား နေနိုင်ကြလောက်ပေပြီ။

**လွဲမှားသော အစွဲများ၊ ကွဲပြားသော အစွဲများကြောင့် ပြည်သူတို့ လွတ်လပ်ပြီး နှစ်ပေါင်း၄၀ကျော် အသက်ကို ဖက်နှင့်ထုပ် ပြေးနေခဲ့ကြရသည်။ ပြည်တွင်းရောင်စုံသောင်းကျန်းမှု (ဝါ) ပြည်တွင်းဆူပူမှုများကြောင့်ဖွံ့ဖြိုးတိုးတက်မှုနှင့်ဝေးချင်တိုင်း ဝေးနေခဲ့ရသည်။ ငြိမ်းချမ်းရေးဟူသည် မြန်မာတို့နှင့် မသက်ဆိုင်သလို ဖြစ်နေခဲ့ရသည်။**

ယနေ့မြန်မာအားလုံး သိရှိကြသည့်အတိုင်း လွတ်လပ်ရေးရပြီးသည့်နောက် ပြည်ထောင်စု ပြိုကွဲလုနီး အခြေအနေ၊ လွတ်လပ်ရေး ပြန်လည်ဆုံးရှုံးလုနီး အနေအထားကို အကြိမ်ကြိမ် ကြုံခဲ့ရပြီးဖြစ်သည်။ ၁၉၄၈–၄၉ ရန်ကုန်အစိုးရဟု သရော်ခံရသည့်ကာလ၊ ၁၉၅၈–၅၉ အာဏာရပါတီ ပြိုကွဲကာ အချင်းချင်းတိုက်ကြရန် လက်နက်စု ရန်စောင်ကြသည့် ခက်ဖွယ်ရယ်ကြုံ လက်နက်ကယ် အစုံအညီနဲ့ ကာလ၊ ၁၉၆၁–၆၂ ပြည်ထောင်စုကြီးကို ရှစ်စိတ်ခွဲပြီး အစိတ်ပေါင်းများစွာ နယ်ချဲ့စစ်အုပ်စု လက်ခုပ်တွင်း ကျရောက်ကျွန်ဖြစ်တော့မည့် ဖက်ဒရယ်မူ လှုပ်ရှားမှု (ဝါ) ပြည်ထောင်စု ဖြိုခွဲရန် အားထုတ်မှုကာလ၊ ၁၉၈၈ခုနှစ် မြေပေါ်မြေအောက်၊ ပြည်တွင်းပြည်ပ၊ လက်ဝဲလက်ယာ ပယောဂစုံဖြင့် ပြည်ထောင်စုကို သူဦးသူယူ၊ ကိုယ်ဦးကိုယ်ယူ၊ လက်ရှိအစိုးရကို ဘုံရန်သူထားတိုက်၊ ပြီးမှ လက်ဝဲနှင့်လက်ယာ ဗိုလ်လု၊ နယ်လု၊ အာဏာလုရန် မင်းမဲ့စရိုက် မှိုင်းတိုက်သောင်းကျန်းခဲ့သော တိုင်းဆူပြည်ဖျက် ကာလများသည် မြန်မာ့လွတ်လပ်ရေးကို ကြွေပန်းကန်တစ်ချပ်သဖွယ် ကျောက်ပြားပေါ် ရိုက်ခွဲရန် ကြံစည်ခံရသော ကာလဆိုးများ ဖြစ်သည်။

ယင်းအနိဋ္ဌာရုံကာလများ၌ အမျိုးသားရေး သစ္စာစောင့်သိကြသော တိုင်းရင်းသားစုံ မျိုးချစ်၊ ပြည်ချစ်များက ပြည်ထောင်စုကြီးကိုလည်းကောင်း၊ အချုပ်အခြာအာဏာ (လွတ်လပ်ရေး)ကို လည်းကောင်း လက်စုံယှက်၍ ကာကွယ်စောင့်ရှောက် ခဲ့ကြရသည်။

ဤသို့ လွတ်လပ်ရေးကို မျိုးချစ်၊ ပြည်ချစ် မြန်မာတို့က ကာကွယ်စောင့်ရှောက်နိုင်ခဲ့၍ ယခုကဲ့သို့ မြန်မာ့လွတ်လပ်ရေး အောင်ပွဲသဘင်ကို ပြည်သူတို့ နှစ်စဉ်ဆင်နွှဲနေနိုင်ကြခြင်း ဖြစ်သည်။

မြန်မာတို့သည် အတိတ်က လွတ်လပ်ရေးအောင်ပန်းကို ဆွတ်ခူးခဲ့သည်။ လွတ်လပ်ရေးကို အသက်ပေးပြီး ကာကွယ်စောင့်ရှောက်ခဲ့ကြသည်။ ယနေ့လွတ်လပ်သော မြန်မာနိုင်ငံ၏ သမိုင်းပေးတာဝန်များကား **(၁) လွတ်လပ်ရေးကို ဆက်လက်ကာကွယ် ထိန်းသိမ်းစောင့်ရှောက်ရန်၊ (၂) ရေကောင်း၊ မြေကောင်း၊ သယံဇာတ အရင်းအမြစ်ကောင်း ကြွယ်ဝလှသော နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးသော နိုင်ငံတော်အဆင့်ရောက်အောင်၊ ရရှိပြီးဖွံ့ဖြိုးမှု၊ တိုးတက်မှု၊ ဘက်စုံတည်ဆောက်နိုင်မှု၊ ငြိမ်းချမ်းတည်ငြိမ်မှု အခြေခံကောင်းများကို အခြေပြု၊ အားပြုလျက် ဆက်လက်မြှင့်တင်ရန် (ဝါ) ပြည်ထောင်စုကြီးကို ရွှေပြည်ထောင်စုကြီး ဖြစ်လာစေရန်၊ (၃) လွတ်လပ်ပြီး ဖွံ့ဖြိုးတိုးတက်လာသော မြန်မာနိုင်ငံတွင် ပြည်သူ့ကောင်းကျိုးကို ပြည်သူများဆန္ဒနှင့်အညီ ဖော်ဆောင်နိုင်မည့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရန်**တို့ ဖြစ်လေသည်။

ယခုအခါ နေ့စဉ်၊ ညစဉ် မီဒီယာများ၌ဖော်ပြနေသော သတင်းများကို ကြည့်လျှင် (၁) ဥပဒေဘောင်အတွင်းသို့ လက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နှင့် အဖွဲ့ငယ်အများအပြား ဝင်ရောက်လာသဖြင့် ငြိမ်းချမ်းနေသော မြန်မာပြည်ထောင်စု၊ (၂) လမ်း၊ တံတား၊ ဆည်မြောင်းတာတမံ၊ ပညာသင်ကျောင်း၊ တက္ကသိုလ်၊ ကောလိပ်၊ ဆေးရုံ၊ ဆေးခန်း၊ မြို့ပြအဆောက်အအုံ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ စက်မှုဇုန်များဖြင့် ဖွံ့ဖြိုးဝေဆာနေသော မြန်မာပြည်ထောင်စု၊ (၃) ပြည်ထောင်စုဖွား တိုင်းရင်းသားသွေးချင်းများ၏ တက်ကြွစည်းလုံးညီညွတ်မှုခွန်အားဖြင့် ဒီမိုကရေစီနိုင်ငံအဖြစ် တည်ဆောက်ခရီးရောက်နေသော မြန်မာပြည်ထောင်စုကြီး၏ ဣဋ္ဌာရုံများ၊ ကောင်းသတင်းများ၊ အပေါင်းလက္ခဏာများကို မပြတ်မြင်တွေ့နေရသည်။ ကိုယ်တိုင်လည်း လက်တွေ့မျက်မြင် ကြုံတွေ့သိရှိနေရသည်။ ဤသည်မှာ လွတ်လပ်ရေးကပေးသော ဆုလာဘ်များပင် ဖြစ်ပေသည်။

**ပြည်ပမှ ကိုလိုနီလက်သစ်တို့၏ နှောင့်ယှက်နေမှုများသည် ပြည်ထောင်စုသားတို့၏ စည်းလုံးမှု နေရောင်ခြည်အောက်တွင် ဆပ်ပြာပူဖောင်းများသဖွယ် ပေါက်ကုန်မည်သာ ဖြစ်သည်။ လက်တစ်ဆုပ်စာမျှသာရှိသော အမျိုးသားသစ္စာဖောက်၊ ပြည်တွင်းပုဆိန်ရိုး၊ ပြည်ပရောက် နယ်ချဲ့ စားကြွင်းစားကျန်စားပြီး ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ် လုပ်ပြနေသော ပြည်ပြေးများ၏ အဖျက်အမှောင့်လုပ်ရပ်များသည် ခွေးလှေးခုန်သလောက်ပင် ဖုန်ထမည် မဟုတ်**ပါချေ။

မြန်မာတို့၏ **"အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေး"** ပန်းတိုင်သို့ အရောက်လှမ်းရေး သန္နိဋ္ဌာန်ကို ဤလွတ်လပ်ရေး မင်္ဂလာရက်မြတ် အခါသမယတွင် မြန်မာတို့ ခိုင်ခိုင်မာမာ ချမှတ်ကြမည်သာ ဖြစ်သည်။ လွတ်လပ်ရေးတည်တံ့ခိုင်မြဲစေရန်၊ လွတ်လပ်ရေး အရသာ အပြည့်အဝခံစား၊ စံစားနိုင်ကြရန် လွတ်လပ်ရေး စိတ်ဓာတ်ကိုယ်စီဖြင့် ကြိုးပမ်းကြပါစို့။ ။

## လွတ်လပ်ရေးသတိ အမြဲရှိ

* မြန်မာတွေ အသိတရားရယ်နဲ့
သတိထားကြစေချင်သည် ...။
ဒို့ရေ ဒို့မြေနဲ့
ဒို့ဌာနေ သာစေမှန်းပါလို့
မြတ်လမ်းစဉ်(၇)ရပ်ကိုဖြင့်
မှန်မြတ်စွာ အကောင်အထည်ဖော်ဖို့
နောင်ညီပျော် ခရီးဆက်
ချီတက်ခဲ့ပြီ။

* အဖျက်သမားတွေက
ပျက်ပြားအောင် ကြံဆောင်လို့
သွေးကွဲအောင် သွေးခွဲကြပေလိမ့်
သတိထားမှ တော်လိမ့်မည်
ပြည်သူတွေ အသင့်ရှိ။

* ယနေ့ခေတ်အခါဆီ၊ လက်သစ်ကိုလိုနီရဲ့
ဉာဏ်ပလီ အကြံအစည်များလှပါဘိ
ကျားကိုမြင် ကြောင်မမှတ်လိုက်ပါနဲ့
စားလိုချင် အချောင်ဟပ်မယ်လို့
ချောင်ကပ်ကာ ဒို့အမှားကို
စောင့်စားနေ၏။

* မြန်မာတွေ
ကမ္ဘာမကျေ ရင်မှာစွဲ။
သတိဉာဏ် အမှန်ကိန်းလို့
ထိန်းသိမ်းဖို့ပဲ။ ။

**ခွန်ရဲသွေး(အေးသာယာ)**

## နိုင်ငံတော်အစိုးရဌာနပိုင်မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့်ကိစ္စရပ်များမှအပ မော်တော်ယာဉ်များမသုံးစွဲရနေ့ဖြစ်သည်။

**၂၀၀၆ခုနှစ်၊ ဒီဇင်ဘာလအတွက် နောက်ဆုံးပတ်(တနင်္ဂနွေနေ့)**

**(၃၁–၁၂–၂၀၀၆)ရက်နေ့**

**၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလအတွက်**

**(၁၄–၁–၂၀၀၇) ရက်နေ့**

**နှင့် (၂၈–၁–၂၀၀၇)ရက်နေ့**

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်း အဖြစ်ဖြင့် တင်သွင်းရမည်




ရန်ကုန် ဒီဇင်ဘာ ၃၀

**ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ ဒီဇင်ဘာ၂၇ရက်က ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင်ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းတို့အတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြသည့် တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းမှာ အောက်ပါအတိုင်း ဖြစ်ပါသည်–**

**ဖတ်ကြား**

တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်မှ ကိုယ်စားလှယ် ဦးအင်ရှိန် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက်စာတမ်းကို ဖတ်ကြားတင်ပြစဉ်။

(သတင်းစဉ်)



လေးစားအပ်ပါသော သဘာပတိကြီးနဲ့ သဘာပတိအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနဲ့အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။

ကျွန်တော်ကတော့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ကို ကိုယ်စားပြုတဲ့ တနင်္သာရီတိုင်း ကော့သောင်းမြို့နယ်က အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးအင်ရှိန် ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် နိုဝင်ဘာလ၁၀ရက်နဲ့ ၁၃ရက်နေ့များမှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးများမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့ စပ်လျဉ်းပြီး အကြံပြုချက် စာတမ်းပြုစုနိုင်ရေးအတွက် အမျိုးသားညီလာခံအစုအဖွဲ့ဖြစ်တဲ့ ကျွန်တော်တို့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့ အစည်းအဝေးကို ၂၀၀၆ခုနှစ် နိုဝင်ဘာလ ၂၃ရက်နေ့တွင်ပြုလုပ်ပြီး ပြည်နယ်၊တိုင်းမှ ကိုယ်စားလှယ် ၁၄ဦး ပါဝင်တဲ့အဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ စာတမ်းပြုစုရေး အဖွဲ့အနေနဲ့ ကိုယ်စားလှယ်များထံမှ ကောင်းမြတ်တဲ့အကြံဉာဏ်များ ရယူခြင်း၊ သဘာပတိအဖွဲ့နဲ့ ညှိနှိုင်းဆွေးနွေးခြင်းများ ပြုလုပ်ပြီး ယခုစာတမ်းကို ပြုစုတင်ပြခြင်းဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ တင်ပြချက်စာတမ်းကို ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကမ္ဘာ့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာမှာ ပြင်ဆင်ရန်ခက်ခဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပြင်ဆင်ရန်လွယ်ကူတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို တွေ့ရှိရပါတယ်။ ပြင်ဆင်ရန်ခက်ခဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်များဟာ ဥပဒေပြုအဖွဲ့တွင် အချုပ်အခြာအာဏာ လုံးဝဥဿုံတည်ရှိခြင်းမရှိဘဲ အထူးအစီအစဉ်တစ်ရပ်ရပ်ကို လိုက်နာရခြင်း၊ မဲဆန္ဒရှင်ပြည်သူများရဲ့ ဆန္ဒမဲများရယူခြင်း၊ ပြည်နယ်များရဲ့ ဆန္ဒမဲများရယူခြင်း၊ အထူးအဖွဲ့အစည်းတစ်ရပ်ရပ်ကို ရွေးချယ်တာဝန်ပေးအပ် ဆောင်ရွက်စေခြင်းစတဲ့ ခက်ခဲတဲ့ နည်းလမ်းများကြောင့် ပြောင်းလဲနေတဲ့၊ ပြောင်းလဲလာမယ့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးအခြေအနေများနဲ့ လိုက်လျောညီထွေဖြစ်အောင် အခြေအနေ အချိန်အခါနဲ့အညီ ပြောင်းလဲနိုင်ခြင်း အားနည်းခဲ့လို့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးကဏ္ဍများဟာ အနုတ်လက္ခဏာဆောင်သော ဖြစ်စဉ်များဖြစ်ပေါ်လာတာကို လေ့လာတွေ့ရှိရပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ တစ်ရပ်ဟာ အဆိုပါဖွဲ့စည်းပုံ အခြေခံဥပဒေ ပြဋ္ဌာန်းရေးဆွဲစဉ်က သက်ဆိုင်ရာနိုင်ငံရဲ့ ပကတိအခြေအနေများနဲ့ သဟဇာတဖြစ်ပြီး လိုက်လျောညီထွေဖြစ်ကာ မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံးဖြစ်ခဲ့ပေမယ့် ပြောင်းလဲနေတဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေးအခြေအနေများနဲ့ လိုက်လျောညီထွေဖြစ်မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြင်ဆင်ရန်လိုအပ်တဲ့ သက်ဆိုင်ရာအခန်း၊ ပြင်ဆင်သင့်၊ ဖြည့်စွက်သင့်တဲ့ ပုဒ်မများကို အခြေအနေအချိန်အခါအရ ပြင်ဆင်နိုင်ခြင်း၊ ဖြည့်စွက်နိုင်ခြင်း အားနည်းခဲ့ရင် မလိုလားအပ်သော မဖြစ်သင့်၊ မဖြစ်ထိုက်တဲ့ အခြေအနေများ ဖြစ်ပေါ်နိုင်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကမ္ဘာ့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများကို လေ့လာရာမှာ ပြင်ဆင်ရန်လွယ်ကူတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားနည်းချက်ဟာ ဥပဒေပြုအဖွဲ့တွင် အချုပ်အခြာအာဏာ အပြည့်အဝရှိပြီး သာမန်ဥပဒေများကို ပြဋ္ဌာန်းသကဲ့သို့ ဥပဒေပြုအဖွဲ့အနေနဲ့ အဓိပ္ပာယ်ကို လိုရာဖွင့်ဆိုပြီး ပြင်ဆင်ခွင့်ရလောက်အောင်လည်း လွယ်ကူလွန်းနေတာမျိုးတွေ တွေ့ရှိရပါတယ်။ ဒီလို ပြင်ဆင်ရန်လွယ်ကူလွန်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုးလည်း မဖြစ်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့နိုင်ငံမှာ ရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ရေမြေသဘာဝ၊ တိုင်းရင်းသား သွေးချင်းများအားလုံးတို့ရဲ့ ဓလေ့ထုံးစံ၊ ယဉ်ကျေးမှုစတဲ့ ပကတိ အခြေအနေတွေကို ထင်ဟပ်ဖော်ပြနေပြီး လက်ရှိဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး ကဏ္ဍများနဲ့ သဟဇာတဖြစ်ပြီး အံဝင်ခွင်ကျဖြစ်တဲ့အပြင် နောင်ပြောင်းလဲလာမယ့် အခြေအနေတွေကိုလည်း မျှော်မှန်းရေးဆွဲနေတာ ဖြစ်ပါတယ်။ ဒါပေမယ့် နောင်ပြောင်းလဲလာမယ့်၊ ပြောင်းလဲနေတဲ့ လောကနိယာမအရ ကျွန်တော်တို့နိုင်ငံမှာ ယခုရေးဆွဲပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်း ပြင်ဆင်ရန်လိုအပ်တဲ့ သက်ဆိုင်ရာအခန်း၊ ပြင်ဆင်သင့်တဲ့ ပုဒ်မများကိုလည်း ပြင်ဆင်ဖို့ရှိလာနိုင်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့အထက်မှာ တင်ပြခဲ့တဲ့အတိုင်း ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး ပြင်ဆင်ရန်ခက်ခဲတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး၊ သို့မဟုတ် ပြင်ဆင်ရန် လွယ်ကူလွန်းတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမျိုး မဖြစ်သင့်ဘဲ အစွန်းတရားများကို ရှောင်ရှားပြီး အလယ်အလတ်ကျင့်စဉ်နဲ့အညီသာ ဖြစ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၀ရက်နေ့မှာ ကျင်းပပြီးခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပြင်ဆင်ခြင်းအခန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ တောင်သူလယ်သမားအစုအဖွဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များအနေနဲ့ လေ့လာရာမှာ ကမ္ဘာ့နိုင်ငံများရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာပါရှိတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေများ ပြင်ဆင်ခြင်းတွင် တွေ့ရှိရတဲ့ အားနည်းချက်များကို အတတ်နိုင်ဆုံး ရှောင်ရှားပြီး ဒီမိုကရေစီကျင့်စဉ်နဲ့အညီ ပြည့်စုံကောင်းမွန်ပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ခြင်း အခန်းနှင့်စပ်လျဉ်းပြီး–

**“၁။ ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ပြင်ဆင်လိုပါက အောက်ဖော်ပြပါ သတ်မှတ်ထားသော နည်းလမ်းအတိုင်း ဆောင်ရွက်ရမည်–**

**(က) ဖွဲ့စည်းပုံ အခြေခံဥပဒေကို ပြင်ဆင်ရန်တင်သွင်းသော အဆိုပြုချက်ကို ဥပဒေမူကြမ်းအဖြစ်ဖြင့် တင်သွင်းရမည်။**

**(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် အဆိုတင်သွင်းသော ဥပဒေမူကြမ်းတွင် အခြားအဆိုများ မပါရှိစေရ။**

**၂။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်။**

**ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်။**

**၃။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်ရှိ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ နှစ်ဆယ်ရာခိုင်နှုန်းက တင်ပြလာလျှင် အဆိုပါပြင်ဆင်ချက် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်က လက်ခံဆွေးနွေးရမည်။**

**၄။ (က) ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံ ရမည့်မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူ လက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပ၍ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

**(ခ) အပိုဒ်(က)တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များမှအပ အခြား ပြဋ္ဌာန်းချက်များကို ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

**(ဂ) အပိုဒ်(က)ပါ အခန်းများနှင့် သက်ဆိုင်အကျုံးဝင်မည့် ပုဒ်မများကို ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲသည့်အခါ ထည့်သွင်းပြဋ္ဌာန်းရမည်။”**

ဆိုတဲ့ အချက်(၄)ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၏ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက သတ်မှတ်ထားရှိပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာပါရှိမည့် အခန်းလိုက်ခေါင်းစဉ်များအနက် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့မြို့တော်အခန်းတို့အတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရေးအတွက် ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့ရဲ့ တင်ပြချက်များကို ဆက်လက်ဖတ်ကြား တင်ပြသွားမှာဖြစ်ပါတယ်။

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတိုင်းမှာ မိမိတို့ သက်ဆိုင်ရာနိုင်ငံရဲ့ ဖြစ်ပေါ်ပြောင်းလဲခဲ့တဲ့ သမိုင်းကြောင်းအခြေအနေ၊ မိမိတို့နိုင်ငံရဲ့ ယူဆမှုတွေ၊ ယုံကြည်မှုတွေနဲ့အညီ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနဲ့မြို့တော်အခန်းများကို သတ်မှတ်ပြဋ္ဌာန်းလေ့ရှိပါတယ်။

**သဘာပတိကြီးခင်ဗျား–**

လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာလည်းပဲ ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ နိုင်ငံသားအားလုံးအတွက် အထွတ်အမြတ်ဖြစ်တဲ့ နိုင်ငံတော်အလံကို ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်အလံမှာပါရှိရမယ့် အရောင်တွေကတော့ မြန်မာလူမျိုးတွေရဲ့ စိတ်ရင်းကောင်း၊ စေတနာကောင်းတွေဖြစ်တဲ့ သန့်ရှင်းစင်ကြယ်ခြင်း၊ ဖြူစင်မွန်မြတ်ခြင်းစတဲ့ အရည်အချင်းတွေကို ဖော်ညွှန်းနေတဲ့ အဖြူရောင်ပါဝင်သင့်ပါတယ်။

ဒါ့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဟာ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်လျက်ရှိပါတယ်။ အဲဒီလို စိုက်ပျိုးရေးကိုအခြေခံတဲ့ တိုင်းပြည်ဖြစ်ပြီး အေးချမ်းသာယာ၍ စိမ်းလန်းစိုပြည်သော နိုင်ငံအဖြစ် ဖော်ညွှန်းနေတဲ့ အစိမ်းရောင်ကို နိုင်ငံတော်အလံမှာ ပါရှိသင့်ပါတယ်။

ထို့အပြင် ညီညွတ်ခြင်း၊ ပြန်လည်စုစည်းခြင်းနှင့် တိုင်းရင်းသား သွေးချင်းများအားလုံး ချစ်ခင်ရင်းနှီးညီညွတ်စွာ စည်းစည်းလုံးလုံးရှိခြင်းတို့ကို အဓိပ္ပာယ်ဖော်ဆောင်တဲ့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ မြေပေါ် မြေအောက် သယံဇာတပေါကြွယ်မှုတို့ကို ဖော်ပြနေတဲ့ ရွှေမြန်မာ၊ ရွှေနိုင်ငံတော်လို့ ဝိသေသပြုနိုင်တဲ့ မင်္ဂလာတော်ဝင်ရောင်ဖြစ်တဲ့ အဝါရောင်ကိုလည်း ထင်ရှားစေသင့်ပါတယ်။ ၎င်းအပြင် မြန်မာနိုင်ငံသား တိုင်းရင်းသားသွေးချင်း အားလုံးရဲ့ ခိုင်ကျည်တဲ့ စိတ်ဓာတ်ကို ဖော်ကျူးတဲ့ ရဲရင့်ခြင်း၊ ပြတ်သားခြင်း ဟူသော အဓိပ္ပာယ်ကို ပီပြင်စေတဲ့ အနီရောင်ကိုလည်း ပါဝင်စေသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုကာလမှသည် ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မာအောင် ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းများ အားလုံးရဲ့ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်တွေနဲ့သာ တည်ဆောက်နိုင်မှာဖြစ်ပါတယ်။ ပြည့်အင်အားဟာ ပြည်တွင်းမှသာ ရနိုင်မှာဖြစ်ပါတယ်။ ပြည်ထောင်စုဖွားအားလုံး ဉမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြတဲ့ အစဉ်အလာကောင်းတွေနဲ့ ပြည့်စုံနေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ကိုယ်စားပြုတဲ့ ကိုယ်ပိုင်အရည်အချင်းနဲ့ ရပ်တည်နေနိုင်တဲ့ ကြယ်ဖြူပွင့်ကြီးတစ်ပွင့်ကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် နိုင်ငံတော်အလံမှာ ဖော်ပြသင့်ပါတယ်။

ဒါကြောင့် နိုင်ငံတော်အလံမှာ ဖော်ပြသင့်တဲ့ အရောင်များဖြစ်တဲ့ အစိမ်းရောင်၊ အဝါရောင်နဲ့အနီရောင် သုံးမျိုးဟာမိမိတို့နိုင်ငံရဲ့ သဘာဝအခြေအနေနဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဖော်ဆောင်တဲ့အတွက် အဲဒီအရောင် သုံးမျိုးကို နိုင်ငံတော်အလံမှာ အလျားလိုက် အချိုးညီမျှစွာဖော်ပြသင့်ပါတယ်။ ထို့အပြင် ထိပ်ဆုံးအစိမ်းရောင်ရဲ့လက်ဝဲဘက်တွင် ပြည်ထောင်စုတစ်ခုလုံးကို ကိုယ်စားပြုတဲ့ အဖြူရောင်ကြယ်ပွင့်ကြီးတစ်ပွင့်ကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် ဖော်ပြသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ အထိမ်းအမှတ်တံဆိပ်မှာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ ဒို့တာဝန်အရေးသုံးပါးကို ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းများအားလုံး ဦးထိပ်ပန်ဆင်ပြီး ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ အဓွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန်နဲ့ ချမှတ်ခဲ့ပြီးဖြစ်တဲ့ နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းတွင်ပါရှိတဲ့ နိုင်ငံတော်၏ နယ်မြေအပိုင်းအခြား ဟူသမျှသည် နိုင်ငံတော်မှမည်သည့်အခါမှ ခွဲမထွက်ဆိုတဲ့ အဓိပ္ပာယ်ဖော်ဆောင်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံရဲ့ မြေပုံကိုထည့်သွင်း ထားရှိသင့်ပါတယ်။

ထို့အပြင် နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မယ်လို့ အမျိုးသားညီလာခံက အခြေခံမူချမှတ်ထားတာနဲ့အညီ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ရဲ့ အောက်ခြေပိုင်းမှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတဲ့ စာသား ထည့်သွင်းသင့်ပါတယ်။

ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိပြီး ပြည်ထောင်စုသားအားလုံး ဉမကွဲသိုက်မပျက် စည်းလုံးညီညွတ်စွာ နေထိုင်လာခဲ့ကြတဲ့ အစဉ်အလာကောင်းတွေနဲ့အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ကိုယ်စားပြုတဲ့ ကိုယ်ပိုင်အရည်အချင်းနဲ့

စာမျက်နှာ ၇ ကော်လံ ၁ သို့

စာမျက်နှာ ၆ မှ

ရပ်တည်နေနိုင်တဲ့ ကြယ်ဖြူတစ်ပွင့်ကို နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်မှာ ပါရှိသင့်ပါတယ်။ ရဲစွမ်းသတ္တိရှိသော၊ လက်ရုံးရည်၊ နှလုံးရည်နဲ့ပြည့်ဝသော နိုင်ငံသားများက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အသက်ပေးကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ အဓိပ္ပာယ်ဖော်ဆောင်တဲ့ ကေသရာဇာ ခြင်္သေ့မင်းရဲ့ပုံနဲ့ ယဉ်ကျေးမှု မြင့်မားခဲ့ပြီး ပျူငှာသောမြန်မာတို့ရဲ့ဓလေ့စရိုက်ကို ဖော်ညွှန်းထားတဲ့ မြန်မာ့ရိုးရာ ကနုတ်ပန်းဖြင့် နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်ကို ခြယ်မှုန်းသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်သီချင်းဟာ နိုင်ငံတော်အလံနဲ့ နိုင်ငံတော်အထိမ်းအမှတ်တံဆိပ်တို့မှာ ဖော်ညွှန်းထားတဲ့ အဓိပ္ပာယ်တွေကို ထုံမွမ်းပြီး သီချင်းအဖြစ် ပြည်ထောင်စုဖွား တိုင်းရင်းသား သွေးချင်းများအားလုံးရဲ့ ဇာတိသွေး၊ ဇာတိမာန်များ အစဉ်အမြဲ နိုးကြားတက်ကြွစေပြီး ဒို့တာဝန်အရေးသုံးပါးကို ထိပါးလာရင် ချွေး၊ သွေးနဲ့ အသက်ကိုပေးစွန့်လွှတ်ပြီး ကာကွယ်ဝံ့တယ်၊ ကာကွယ်မယ်ဆိုတဲ့ မြန်မာတို့ရဲ့ ခံယူချက်၊ ယုံကြည်ချက်ကို ထုတ်ဖော်ကြေညာတာဖြစ်သလို နိုင်ငံသားတိုင်းရဲ့ နှလုံးသည်းပွတ်မှာ စွဲမြဲစေမယ့် သီချင်းဖြစ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

**"တရားမျှတ လွတ်လပ်ခြင်းနဲ့မသွေ တို့ပြည် တို့မြေ များလူခပ်သိမ်း ငြိမ်းချမ်းစေဖို့ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ တို့ပြည် တို့မြေ ပြည်ထောင်စု အမွေ အမြဲတည်တံ့စေ အဓိဋ္ဌာန်ပြုမလေ ထိန်းသိမ်းစို့လေ–––"**

ခြေဆင်းအစချီတဲ့ လက်ရှိအသုံးပြုနေတဲ့ နိုင်ငံတော်သီချင်းဟာ နှစ်ပေါင်းရှည်ကြာစွာ အသုံးပြုလာခဲ့တဲ့အပြင် လောကပါလတရား၊ ဗြဟ္မစိုရ်တရား ထွန်းကားနေတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်နဲ့နိုင်ငံသားတွေရဲ့ စည်းလုံးညီညွတ်ပြီး မှန်ကန်မျှတတဲ့ စိတ်ဓာတ်တွေကို ထင်ဟပ်ဖော်ပြနေတဲ့ အဓိပ္ပာယ်တွေ ထုံမွမ်းနေပါတယ်။ ပြည်ထောင်စုဖွား သွေးချင်းများအားလုံး ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်ဝံ့တယ်ဆိုတဲ့အထိ ဇာတိသွေး၊ ဇာတိမာန် နိုးကြားတက်ကြွတဲ့ သီချင်းလည်းဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ မြို့တော်ဟာ နိုင်ငံရဲ့အလယ်ဗဟိုမှာ တည်ရှိသင့်ပါတယ်။ သွားရေးလာရေးအဆင်ပြေပြီး နိုင်ငံတော်ရဲ့ အချက်အချာကျမယ့် နေရာဖြစ်သင့်ပါတယ်။ ပြည်နယ်၊ တိုင်းအသီးသီးတို့နှင့် ဆက်သွယ်ရာတွင် ပိုမိုလျင်မြန်လွယ်ကူစေရန်နဲ့ တစ်နိုင်ငံလုံးအချိန်နှင့်တစ်ပြေးညီ ဖြန့်ကြက်ပြီး အုပ်ချုပ်ရေးလုပ်ငန်းများ၊ စီမံခန့်ခွဲရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်လိုအပ်ပါတယ်။

ယခုအခါ နိုင်ငံတော်အစိုးရ၏ ဗဟိုရုံးများဟာ ကျွန်တော်တို့အထက်မှာ တင်ပြခဲ့တဲ့အတိုင်း နိုင်ငံရဲ့အချက်အချာဒေသတွင် တည်ရှိခြင်း၊ သွားလာဆက်သွယ်ရေးလွယ်ကူကောင်းမွန်ခြင်း စတဲ့ အခြေအနေကောင်းတွေနဲ့ ပြည့်စုံကောင်းမွန်တဲ့ နေပြည်တော်တွင် ရုံးစိုက်လျက် နိုင်ငံတော်၏ လုပ်ငန်းတာဝန်အဝဝကို ဆောင်ရွက်လျက်ရှိနေတဲ့အတွက် နေပြည်တော်ကို မြို့တော်အဖြစ် သတ်မှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ တောင်သူလယ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့အနေနဲ့ လေ့လာရာမှာ ပြည့်စုံကောင်းမွန်ကြောင်း တွေ့ရှိရပါတယ်။

ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းနှင့်စပ်လျဉ်းပြီး–

**"၁။ နိုင်ငံတော်အလံကို အောက်ပါအတိုင်း သတ်မှတ်ရမည်။ နိုင်ငံတော်အလံတွင် အစိမ်းရောင်၊ အဝါရောင်နှင့် အနီရောင်တို့ကို အလျားလိုက် အချိုးညီစွာ ဖော်ပြပြီး အစိမ်းရောင်တွင် လက်ဝဲဘက်၌ ကြယ်ဖြူကြီးကို အထက်ဘက်သို့ မတ်မတ်ညွှန်လျက် တည်စေရမည်။**

**၂။ နိုင်ငံတော်အလံနှင့်စပ်လျဉ်း၍ ဥပဒေပြဋ္ဌာန်းရမည်။**

**၃။ နိုင်ငံတော်အထိမ်းအမှတ် တံဆိပ်ပုံဖော်ပြ၍ နိုင်ငံတော် အထိမ်းအမှတ်တံဆိပ်သည် အောက်ပါအတိုင်းဖြစ်သည်။**

**၄။ နိုင်ငံတော်သီချင်းအဖြစ် လက်ရှိနိုင်ငံတော်သီချင်းကို သတ်မှတ်သည်။**

**၅။ နေပြည်တော်သည် နိုင်ငံတော်၏ မြို့တော်ဖြစ်သည်"**

ဆိုတဲ့အချက် (၅)ချက်ကို ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်။

ဆက်လက်ပြီးတော့ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းကို ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးရွှေလှက ဖတ်ကြားတင်ပြသွားမှာဖြစ်ပါတယ်။

# ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန် ဥပဒေမူကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် တင်သွင်းရမည်

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်ကတော့ ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်မှ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးရွှေလှ ဖြစ်ပါတယ်။

အမျိုးသားညီလာခံက သတ်မှတ်ထားရှိပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ပါရှိမယ့် အခန်းအလိုက် ခေါင်းစဉ်များအနက် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ တင်ပြချက်များကို ဆက်လက်ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်း ပါဝင်မှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းလိုက်တဲ့အခါ အဲဒီဖွဲ့စည်းပုံအခြေခံဥပဒေမပြဋ္ဌာန်းမီကာလက တည်ရှိနေတဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးစတဲ့ အဓိကမဏ္ဍိုင်များ ပြောင်းလဲသွားမှာဖြစ်သလို စီးပွားရေး၊ လူမှုရေး၊ အဆောက်အအုံတွေလည်း ပြောင်းလဲသွားမှာ ဖြစ်ပါတယ်။

အဲဒီလိုအကူးအပြောင်းကာလမှာ ညင်သာချောမွေ့စွာ အဆင့်ဆင့် ကူးပြောင်းသွားနိုင်ဖို့ လိုအပ်မှာဖြစ်သလို အစဉ်အလာကောင်းတဲ့ နိုင်ငံရေး အမွေခံကောင်းတွေကို လက်ဆင့်ကမ်း လွှဲပြောင်းပေးသွားနိုင်ဖို့အတွက် ကူးပြောင်းရေးကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများဟာ စဉ်ဆက်မပြတ် တည်ရှိနေဖို့လိုအပ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များကို ထည့်သွင်းပြဋ္ဌာန်းရခြင်း ဖြစ်ပါတယ်။

**ဖတ်ကြား တင်ပြ**

**ရခိုင်ပြည်နယ် အမ်းမြို့နယ်မှ ကိုယ်စားလှယ် ဦးရွှေလှ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)



**သဘာပတိကြီးခင်ဗျား–**

နိုင်ငံရေးစနစ် ပြုပြင်ပြောင်းလဲတယ်ဆိုတာ အခြားနိုင်ငံမှာ ကျင့်သုံးနေတဲ့ နိုင်ငံရေးစနစ်ကို သွင်းကုန်သဖွယ်တင်သွင်းပြီး မိမိနိုင်ငံမှာ ပုံတူကူးချလို့ မရနိုင်ဘူးဆိုတာ နိုင်ငံတကာဖြစ်စဉ်တွေမှာ လေ့လာတွေ့ရှိနေရပါတယ်။ မိမိနိုင်ငံ၊ မိမိလူမျိုးတွေရဲ့ ပကတိ အခြေအနေတွေပေါ်မှာ အခြေခံပြီးတော့သာ ပြုပြင်ပြောင်းလဲသွားရမှာဖြစ်ပါတယ်။ ဒါ့ကြောင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရာမှာ နိုင်ငံတကာရဲ့ နိုင်ငံရေးစနစ်ကို သွင်းကုန်သဖွယ် တင်သွင်းလို့ဖြစ်ပေါ်လာတဲ့ အနိဋ္ဌာရုံဖြစ်စဉ်တွေကို ရှောင်ရှားပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးရဲ့ ပကတိအခြေအနေတွေနဲ့ အသင့်တော်ဆုံးဖြစ်တဲ့ နိုင်ငံတော်တည်ဆောက်ရေး လုပ်ငန်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။

ထိုသို့ ချမှတ်ထားတဲ့ လုပ်ငန်းစဉ်(၇)ရပ်ပါအတိုင်း အမျိုးသားညီလာခံက ချမှတ်ပေးတဲ့ အခြေခံရမယ့်မူနဲ့ အသေးစိတ်အခြေခံရမယ့်မူများနဲ့အညီ ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပပြီး အတည်ပြုပြဋ္ဌာန်းမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာမယ့် ပြည်ထောင်စုလွှတ်တော်သို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်အာဏာကို လွှဲပြောင်းပေးရမှာဖြစ်ပေမယ့် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ပြီးမှသာ လွှတ်တော်များ ပေါ်ပေါက်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးသည့်အချိန်နဲ့ လွှတ်တော်များ ပေါ်ပေါက်သည့် အချိန်ထိကြားကာလမှာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာများကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်လက်ကျင့်သုံးပြီး လွှတ်တော်များ ပေါ်ပေါက်လာတဲ့အခါ လွှဲပြောင်းပေးမှသာ နိုင်ငံတော်ရဲ့ အာဏာကြီးသုံးရပ်ဟာ စဉ်ဆက်မပြတ် လည်ပတ်နိုင်မှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်တဲ့နေ့မှစပြီး ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီ ကာလအတွင်း နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ဆက်လက် ခံယူကျင့်သုံးနိုင်ရေးအတွက် အခြေခံမူ ချမှတ်ပေးရမှာ ဖြစ်ပါတယ်။

ဒါ့အပြင် အာဏာတည်ပြီးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ရွေးကောက်တင်မြှောက်နိုင်ရန် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ လိုအပ်သော ကိစ္စများကို ဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။

အဲဒီလို ပြည်ထောင်စုလွှတ်တော် မပေါ်ပေါက်မီ ပြည်ထောင်စုလွှတ်တော်ကိုယ်စား လိုအပ်သော ဥပဒေပြုလုပ်ငန်းများကို လုပ်ဆောင်ဖို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအား ဆောင်ရွက်ပိုင်ခွင့် ပေးထားရန်လိုအပ်သလို အဲဒီလို ကြိုတင်ဆောင်ရွက်တဲ့ လုပ်ငန်းရပ်တွေဟာ ဥပဒေဘောင်အတွင်း ကျရောက်စေရန် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်တယ်လို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ ဆောင်ရွက်ချက်များနဲ့ စပ်လျဉ်းပြီး အခြေခံမူများ ချမှတ်ပေးသင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဟာ နိုင်ငံတော်၏ ဦးတည်ချက်များ အထမြောက် အောင်မြင်စေရန် အခြေခံအုတ်မြစ်များကို ချမှတ်ခြင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် အရှိန်အဟုန်ဖြင့် ဘက်စုံစီမံဆောင်ရွက်ရာမှာ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ကြေညာချက်များ ထုတ်ပြန်ခြင်း စသည့် ဆောင်ရွက်ချက်များကို ပြုလုပ်ခဲ့ပါတယ်။ အဲဒီလို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဆောင်ရွက်ချက်များ၊ တာဝန်များနဲ့ ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က ဆက်ခံကြောင်း မူတစ်ရပ်ချမှတ်သင့်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှာ အစဉ်အဆက်ကတည်းက လက်ခံကျင့်သုံးလာခဲ့တဲ့ တည်ဆဲဥပဒေများ ရှိပါတယ်။ အဲဒီတည်ဆဲဥပဒေများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိတဲ့ တည်ဆဲဥပဒေများကို နိုင်ငံတော်အနေနဲ့ ဆက်လက်ကျင့်သုံးသွားရမှာဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေမရှိတော့တဲ့ တည်ဆဲဥပဒေများကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းများ ပြုလုပ်သွားရမှာ ဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်က အခါအားလျော်စွာ ဆက်လက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

တည်ဆဲဥပဒေများနည်းတူ ကျွန်တော်တို့နိုင်ငံမှာ အစဉ်အဆက်ကတည်းက လက်ခံကျင့်သုံးလာခဲ့တဲ့ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းပြီးတဲ့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ဆန့်ကျင်ခြင်းမရှိလျှင် ဆက်လက်အတည်ဖြစ်မှာ ဖြစ်သလို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေမဖြစ်တော့ပါက ပယ်ဖျက်ပြင်ဆင်သွားရမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ပေါ်ပေါက်လာမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ တရားစီရင်ရေးယန္တရား မဆောင်ရွက်နိုင်သေးခင် ကူးပြောင်းရေးကာလအတွင်း တရားစီရင်ရေးယန္တရား ရပ်တန့်မသွားစေဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်စေရေးအတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးအားလုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားရုံးသစ်များ မတည်ထောင်သမျှ ဆက်လက်၍ တရားစီရင်ပိုင်ခွင့် အာဏာများကို ဆက်လက်သုံးစွဲဆောင်ရွက် စေသင့်ပါတယ်။

ထို့အတူ နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေကို ရရှိခံစားနေတဲ့ နိုင်ငံတော်တွင် ဖွဲ့စည်းထားသော အာဏာပိုင်အဖွဲ့အစည်းများအပါအဝင် အစိုးရဌာနများမှာ တာဝန်ထမ်းဆောင်လျက်ရှိတဲ့ ဝန်ထမ်းအဆင့်ဆင့်ဟာ မိမိတို့နှင့် သက်ဆိုင်ရာ လုပ်ငန်းများကို အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်သလို ယင်းဝန်ထမ်းများရဲ့ လုပ်ခွင်တည်မြဲမှု ရှိစေရန်လည်း လိုအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

၂၀၀၆ခုနှစ် နိုဝင်ဘာလ ၁၃ရက်နေ့မှာ ကျင်းပခဲ့တဲ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနဲ့ စပ်လျဉ်းပြီး ကျွန်တော်တို့ တောင်သူလယ်သမားအစုအဖွဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေနဲ့ လေ့လာရာမှာ အစဉ်အလာကောင်းတဲ့ နိုင်ငံရေးအမွေခံကောင်းတွေ လက်ဆင့်ကမ်း လွှဲပြောင်းပေးနိုင်ဖို့ ကူးပြောင်းရေးကာလမှာ ညင်သာချောမွေ့စွာ အဆင့်ဆင့် ကူးပြောင်းသွားစေမယ့် မိမိတို့နိုင်ငံအတွက် အသင့်တော်ဆုံး လုပ်ငန်းစဉ်များ ဖြစ်ပါတယ်။

ဒါ့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်များအခန်းနှင့် စပ်လျဉ်းပြီး–

စာမျက်နှာ ၁၀ ကော်လံ ၁ သို့

**ချမှတ်ခဲ့ပြီးဖြစ်သည့် အခြေခံရမည့်မူများနှင့် အသေးစိတ်အခြေခံရမည့် မူများရှိ နိုင်ငံတော်အခြေခံမူများ၊ နိုင်ငံတော် ဖွဲ့စည်းတည်ဆောက်ပုံ၊ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ ဖွဲ့စည်းမှုအပိုင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များ အခန်းတို့ရှိ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံး၏ ခုနစ်ဆယ့်ငါးရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် သဘောတူလက်ခံပြီးနောက် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပ၍ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော် ဆန္ဒမဲဖြင့်သာ ပြင်ဆင်ရမည်။**

# အဆိုးမြင်ဝါဒီအဖျက်သမားများ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအဖုံဖုံကို ဆန့်ကျင်ဟန့်တားနိုင်ရန် ပြည်တွင်းပြည်ပချိတ်ဆက်ပြီး အဖျက်အမှောင့်လုပ်ငန်းများ၊ ဖိအားပေးပိတ်ဆို့မှုများ တိုးမြှင့်လုပ်ဆောင်





မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၆၀) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

✡ ရှေ့ဖုံးမှ

သင်တန်းဆင်းပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းဆင်း အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ တိုးတက်ဖြစ်ထွန်းမှုများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု နယ်ပယ်ကဏ္ဍအားလုံးကို လွှမ်းမိုးပိုင်းဖြတ်လျက်ရှိသည့်အတွက် ယနေ့ပညာရေးကဏ္ဍ၏ တာဝန်ဝတ္တရားများသည် ကျောင်းသူကျောင်းသားများကို စာပေပညာသင်ကြားပေးရန်သာမက နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများကို ကြိုတင်ပြင်ဆင် တည်ဆောက်ပေးရန်ပါ တာဝန်ရှိလာပြီဖြစ်ကြောင်း။

## ဖြည့်ဆည်းဆောင်ရွက်

ယင်းသို့အချိန်အခါမျိုးတွင် ပညာရေးကဏ္ဍ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများသည်လည်း ပိုမိုကျယ်ဝန်း နက်ရှိုင်းကျယ်ပြန့်လာပြီ ဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးက မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားလူငယ်များ၏ ဘဝရှေ့ရေး အောင်မြင်တိုးတက်ရေးအတွက်သာမက တစ်မျိုးသားလုံး၏ ပညာရည်မြင့်မားမှုနှင့်တကွ နိုင်ငံနှင့်လူမျိုး၏ တိုးတက်ကြီးပွားရေးအတွက်ပါ ပညာရေးကဏ္ဍကနေ ဖြည့်ဆည်းဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်ဟု ပြောကြားလိုကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးမှာ နိုင်ငံတကာ၌ တိုးတက်ပြောင်းလဲနေသည့် ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ မိမိနိုင်ငံအတွင်း အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးလာစေရန်နှင့် ဤခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များကို ကျွမ်းကျင်တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာနေစေရန် အရေးကြီးကြောင်း။

တစ်နည်းအားဖြင့်ပြောရလျှင် နိုင်ငံတော် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်ပယ်ကဏ္ဍစုံ၌ နည်းပညာစွမ်းအား မြင့်မားစေရန်၊ နိုင်ငံတကာအဆင့်မီစေရန်၊ Technologically Competent ဖြစ်စေရန်၊ ဖွံ့ဖြိုးတိုးတက်မှုနယ်ပယ်ကဏ္ဍအသီးသီးမှာ ဆိုင်ရာဆိုင်ရာ နည်းပညာရပ်များကို ဆီလျော်အကျိုးရှိစွာ အသုံးပြုနိုင်ရန် လိုအပ်ကြောင်း။

## ရည်မှန်းချက်ထားရှိ

ယင်းသို့ ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တိုးတက်ဖြစ်ထွန်းပြီး အရည်အချင်းမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရေးအတွက် အဆင့်မြင့်ပညာကဏ္ဍမှာ **“အခွင့်အလမ်းပွင့်၊ အရည်အချင်းမြှင့် ပညာခေတ်ဖြာ”** ဆိုသည့် ရည်မှန်းချက်ထားရှိပြီး စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

အဆင့်မြင့်ပညာကဏ္ဍ၏ မြင့်မားသည့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးသည် အခြေခံပညာကဏ္ဍအနေဖြင့် ကျောင်းသူကျောင်းသားလူငယ်များကို အဆင့်မြင့်ပညာကဏ္ဍမှာ အလိုက်သင့် ချိတ်ဆက်သင်ယူနိုင်စေရအောင် ကြိုတင်ပြင်ဆင်လေ့ကျင့် သင်ကြားပေးနိုင်စွမ်းရှိမှု အပေါ်မှာ မူတည်နေကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ၏ သင်ရိုးညွှန်းတမ်းများ၊ သင်နည်းစနစ်များ၊ တတ်မြောက်မှု အကဲဖြတ်စနစ်များကို အရည်အသွေးမြှင့်တင်ပေးခဲ့ပြီးဖြစ်သကဲ့သို့ အဆင့်မြင့်သင်ယူမှုနည်းစနစ်များ ကျွမ်းဝင်တတ်မြောက်စေရန် သတင်းနှင့် ဆက်သွယ်ရေး နည်းပညာအခြေခံသည့် Multimedia စာသင်ခန်းများ၊ သိပ္ပံလက်တွေ့ခန်းများကိုပါ တည်ထောင်ပေးလျက်ရှိကြောင်း။

## စည်းရုံးလေ့ကျင့်

ထို့ကြောင့် ဆရာ ဆရာမတို့အနေဖြင့် ယင်းအခြေခံကောင်းများကို ထိထိရောက်ရောက် အကျိုးရှိရှိ အသုံးပြုပြီး ကျောင်းသူ ကျောင်းသား လူငယ်များကို အမှန်တကယ် တတ်ကျွမ်းအောင် အဆင့်မြင့်ပညာကဏ္ဍမှာ အဆင့်အတန်းမီမီ ချိတ်ဆက်ကူးပြောင်း သင်ယူနိုင်အောင် အခြေခံကစပြီး သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း၊ အထူးသဖြင့် လေ့လာသင်ယူလိုစိတ်၊ သိလို တတ်လိုစိတ်ကို နှိုးဆွပေးပြီး စည်းရုံးလေ့ကျင့်ပေးနိုင်ရမှာဖြစ်ကြောင်း။

အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ တိုးပွားဖြစ်ထွန်းလာစေရန်ဆိုရာမှာ အခြေခံပညာကဏ္ဍကစပြီး ကျောင်းသူ ကျောင်းသားလူငယ်များကို ပညာသင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်သာမက ပညာသင်ယူနိုင်သည့် စွမ်းရည်နှင့် ပညာသင်ယူလိုသည့် စိတ်ဓာတ်တို့ကိုပါ လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် ကျေးလက်ဒေသများမှာ နိုင်ငံတော်အစိုးရက စာသင်ကျောင်းများ တိုးချဲ့ဖွင့်လှစ်ပြီး ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးပေးနေချိန်မှာ ဆရာ ဆရာမများအနေဖြင့် ကျောင်းနေရွယ်ကလေးတိုင်း ကျောင်းနေစေရအောင်၊ ကျောင်းနေသည့်ကလေးတိုင်း ကျောင်းနေမြဲစေရအောင်၊ အတန်းအဆင့်ဆင့် ပြီးမြောက်သည်အထိ သင်ယူနိုင်စေရအောင် ကျောင်းသူ ကျောင်းသားများကိုသာမက မိဘများကိုပါ ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

## ကူညီလမ်းပြ

ကျောင်းသူကျောင်းသားတစ်ဦးချင်းစီ၏ အားနည်းချက် အားသာချက်များကို သိရှိအောင်ကြိုးစား၊ အားနည်းသူကို ကူညီဖေးမ၊ ဆင်းရဲနွမ်းပါးသူကို လူမှုရေးအသင်းအဖွဲ့များနှင့် ညှိနှိုင်းထောက်ပံ့ စသည့် မိမိတပည့် ကျောင်းသူကျောင်းသားတိုင်းကို ပညာရေးလမ်းခရီးဆုံးအောင် သင်ယူနိုင်စေရန် လိုအပ်သည့် ကူညီလမ်းပြမှုများကို ထက်ထက်သန်သန် ဆောင်ရွက်ပေးကြရမှာဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍမှာ ကျောင်းသူကျောင်းသားတစ်ဦးချင်း၏ အရည်အသွေး အလားအလာ ဝါသနာ ခွဲခြားသိမြင်နိုင်အောင် ပြုစုပျိုးထောင်ပေးပြီး ဘက်စုံထူးချွန်မှုနှင့် သီးခြားကျွမ်းကျင်မှုတို့ ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြမှသာ အဆင့်မြင့်ပညာကဏ္ဍမှာ နိုင်ငံတကာအဆင့်မီသိပ္ပံနှင့် နည်းပညာရပ် မျိုးကွဲများကို ထဲထဲဝင်ဝင် နှံ့နှံ့စပ်စပ်လေ့လာသင်ယူနိုင်ပြီး ထူးချွန်ထက်မြက်သည့် အသိပညာရှင်များ၊ အတတ်ပညာရှင်များ ဖြစ်လာနိုင်ကြမှာဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာမှာ “ဆရာ”၏ တာဝန်ဝတ္တရားများသည် ကျောင်းသူကျောင်းသား လူငယ်များကို စာပေပညာသင်ကြားပေးရုံ သက်သက်မျှသာ မဟုတ်တော့ဘဲ မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားများ၏ ဘဝရှေ့ရေး တိုးတက်မှုအတွက် လမ်းမှန်ကို ရွေးချယ်နိုင်အောင် ညွှန်ပြနိုင်မှု၊ နည်းပညာအရ၊ ဆရာအတတ်ပညာအရ ပံ့ပိုးဖေးမပေးနိုင်မှုတို့နှင့် ပြည့်စုံရမည်ဟု ခံယူလာကြပြီ ဖြစ်ကြောင်း။

## လမ်းမှန်ညွှန်ပြ

အမှန်တကယ်အားဖြင့် မြန်မာ့ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများအရ တပည့်များကို မိမိတတ်ကျွမ်းသမျှ ပညာဝေမျှသင်ကြားပေးရန်၊ လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမပေးရန်၊ လမ်းမှန်ညွှန်ပြပေးရန် ဆိုသည်မှာ ဆရာ့ကျင့်ဝတ်၊ ဆရာ့ဝတ္တရားများပင်ဖြစ်သည်ဟု ရှေးအစဉ်အဆက်ကပင် ခံယူကျင့်သုံးလာခဲ့ကြခြင်းဖြစ်ကြောင်း။

ကျောင်းသူ ကျောင်းသား လူငယ်များကို ယဉ်ကျေးသိမ်မွေ့အောင်၊ ကိုယ်ကျင့်တရားမြင့်မားအောင်၊ အကျင့်စာရိတ္တခိုင်ခံ့အောင်၊ လူ့ဘောင်အဖွဲ့အစည်းမှာ ဝင်ဆံ့ပြီး အကျိုးပြုနိုင်အောင် လေ့ကျင့်သင်ကြားပေးရန်ဆိုသည်မှာ အလွန်အဆင့်မြင့်မားပြီး ယနေ့တိုင် ခေတ်မီနေသည့် မြန်မာ့ရိုးရာပညာရေး အယူအဆများပင်ဖြစ်ကြောင်း၊ ယနေ့ပညာရေးလောကမှာ အလေးထားဖော်ဆောင်နေသည့် ဘက်စုံပညာရေးစနစ်သည်လည်း မြန်မာ့ရိုးရာ ပညာရေး ရည်မှန်းချက်တစ်ခုဖြစ်သည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူငယ်များဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးရေးဆိုသည့် အယူအဆနှင့် ညီညွတ်သည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှု အစဉ်အလာကောင်းတစ်ရပ်ဖြစ်သည့် ဆရာ့ကျင့်ဝတ် ဝတ္တရားများနှင့် ခေတ်မီဆရာအတတ်ပညာရပ်များ ပေါင်းစပ်ပြီး မိမိတို့၏တပည့်ကျောင်းသူ ကျောင်းသားလူငယ်များကို စာပေပညာ ကျွမ်းကျင်တတ်မြောက်အောင် သင်ကြားပေးရင်း တွေးခေါ်မြော်မြင် စဉ်းစားချင့်ချိန်နိုင်သည့်

- ယနေ့ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာ၌ လူမှုရေး ယိုယွင်း နိမ့်ကျမှုကို ဖြစ်ပေါ်စေသည့် ပြဿနာများအဖြစ်ခံယူပြီး တိုက်ဖျက်နေကြသည့် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုပြဿနာ၊ အာဟာရမပြည့်စုံမှုပြဿနာ၊ သန့်ရှင်း သည့်သောက်သုံးရေ မရရှိမှုပြဿနာ၊ စာမတတ်မြောက်မှုပြဿနာ၊ အမျိုးသမီးများ လူမှုအဆင့်အတန်း ခွဲခြားနှိမ့်ချခံရမှုပြဿနာ စသည့် အနိဋ္ဌာရုံပြဿနာများနှင့် ကင်းစင်နေသည်ကို တွေ့ကြရမှာဖြစ်။
- ထို့အပြင် နိုင်ငံ၏အနာဂတ်ကို ထိခိုက်စေမည့် ပြဿနာများအဖြစ် နိုင်ငံတကာ၌ အလေးထားဖြေရှင်းနေရသည့် လူဦးရေအဆမတန်တိုးပွားမှု ပြဿနာ၊ စည်းစနစ်မရှိ မြို့ပြတိုးချဲ့မှုပြဿနာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် စက်မှုလုပ်ငန်းများ စည်းကမ်းမကျတိုးချဲ့မှု ပြဿနာ စသည့်ပြဿနာများလည်း လုံးဝကင်းရှင်းနေသည် ကို တွေ့ကြရမှာဖြစ်။

အသိဉာဏ်ပညာ တိုးတက်ဖြစ်ထွန်းအောင်၊ တီထွင်ဖန်တီးနိုင်မှု စွမ်းဆောင်ရည်၊ ကျွမ်းကျင်မှုအရည်အသွေး၊ လေ့လာဆန်းစစ်နိုင်မှုစွမ်းအားတို့ ဖွံ့ဖြိုးတိုးတက်လာစေရအောင်၊ အသိအမြင်ဗဟုသုတ ပြည့်စုံကြွယ်ဝစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရန် မှာကြားလိုကြောင်း။

## လေ့ကျင့်ပျိုးထောင်

တစ်ဖက်မှာလည်း ကျောင်းသူကျောင်းသား လူငယ်များကို ကျန်းမာရေးအသိနှင့် ပြည့်စုံစေရအောင်၊ အကျင့်စာရိတ္တနှင့် ကိုယ်ကျင့်တရား ခိုင်ခံ့စေရအောင်၊ လူမှုတာဝန်ကျေပွန်သော၊ လူမှုဝတ္တရားစောင့်ထိန်းသော လူငယ်များဖြစ်လာစေရအောင် လေ့ကျင့်ပျိုးထောင်ပေးကြရမှာဖြစ်ကြောင်း။

အထူးသဖြင့် လူ့ဘောင်အဖွဲ့အစည်းအပေါ် တာဝန်ကျေပွန်သည့်စိတ်ဓာတ်၊ မိမိပါဝင်သည့် လူ့ဘောင်အဖွဲ့အစည်းကို ချစ်ခင်မြတ်နိုးသည့်စိတ်ဓာတ်၊ မိမိ၏လူမှုပတ်ဝန်းကျင်၊ သဘာဝပတ်ဝန်းကျင်တို့ကို စောင့်ရှောက်တတ်သည့်စိတ်ဓာတ်တို့ကို ငယ်စဉ်ကပင် မွေးမြူပေးလိုက်ကြရန်လိုကြောင်း၊ ထိုမှတစ်ဆင့် တိုင်းချစ် ပြည်ချစ်စိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကိုပါ တစ်ပါတည်း ဖွံ့ဖြိုးခိုင်မာလာစေရမှာ ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့စာသင်ကျောင်းနှင့် သဘာဝပတ်ဝန်းကျင်၊ လူမှုပတ်ဝန်းကျင်တို့ကို ဆက်စပ်ပေးပြီး မိမိတို့ စာသင်ကျောင်းကို ရပ်ရွာဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆက်စပ်ဖြစ်ထွန်းလာစေရအောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အခြေခံများကို မြှင့်တင်ပေးခြင်းအားဖြင့်သာလျှင် ရေရှည်တည်တံ့သည့် လူနေမှုဘဝ တိုးတက်မြင့်မားမှု၊ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းမှု၊ ဒေသဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းခိုင်ခံ့စေမည်ဟု ခံယူထားကြောင်း။

**ပေးနိုင်ခဲ့ပြီး လယ်မြေဧက ၂ဒသမ၆သန်းကျော်ကို စိုက်ပျိုးရေ တိုးမြှင့်ပေးဝေနိုင်လျက်ရှိနေပြီဖြစ်ကြောင်း၊ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ၁၀နှစ်စီမံကိန်းချမှတ်ပြီး ၂၀၀၀ပြည့်နှစ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာမှာ မြန်မာတစ်နိုင်ငံလုံး၌ သန့်ရှင်းသောသောက်သုံးရေလိုအပ်နေသည့် ကျေးရွာပေါင်း၂၃၀၀၀ကျော် ဖော်ထုတ်ရရှိခဲ့သည့်အနက် ၂၀၀၉ခုနှစ် နိုဝင်ဘာလကုန်အထိ ကျေးရွာပေါင်း၁၆၇၀၀ခန့်မှာ ရေရရှိရေးလုပ်ငန်းပေါင်း၂၄၀၀၀ကျော် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်၍ ကျေးရွာ ၆၅၀၀ခန့်သာ ဆောင်ရွက်ပေးရန် ကျန်ရှိသည်ကို တွေ့ရကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ကြည့်လျှင် ရည်မှန်းချက်၏ ၇၂ရာခိုင်နှုန်း အကောင်အထည်ဖော် ပြီးစီးခဲ့ခြင်းဖြစ်ပြီး အပူပိုင်း ရေရှားရပ်ဝန်းဒေသများမှာရှိသည့် ဒေသများအနေနှင့် ကြည့်မည်ဆိုလျှင် ၉၅ ရာခိုင်နှုန်းနှင့် ၉၉ ရာခိုင်နှုန်းကြားတွင် အကောင်အထည်ဖော် ပြီးစီးနေပြီဖြစ်ကြောင်း။**

လူဦးရေအနေနှင့်ကြည့်မည်ဆိုလျှင်လည်း မြန်မာနိုင်ငံမှာ လက်ရှိလူဦးရေ ၅၅ဒသမ၄သန်းရှိပြီး လူဦးရေနှင့် နိုင်ငံပိုင်နက် နယ်မြေအနေအထား အချိုးအစားမျှတကောင်းမွန်ဆဲပင် ဖြစ်ကြောင်း၊ စားနပ်ရိက္ခာဖူလုံမှုအနေနှင့် ကြည့်မည်ဆိုလျှင်လည်း လက်ရှိလူဦးရေအတွက် ဖူလုံပိုလျှံသည်သာမက နောင်အနာဂတ်မှာ တိုးပွားလာမယ့် လူဦးရေအတွက်ပါ စားနပ်ရိက္ခာ ဖူလုံပိုလျှံနိုင်စေရန် အသင့်ပြင်ဆင် စီမံထားပြီးဖြစ်ကြောင်း။

## ဖွံ့ဖြိုးတိုးတက်

ယနေ့ နိုင်ငံတော်၏ အခြေအနေကိုကြည့်လျှင် လက်တွေ့မျက်မြင်မြင်ကွင်းများအရရော၊ တိကျခိုင်မာသည့် ကိန်းဂဏန်း အချက်အလက်များအရပါ နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာနေသည်မှာ မည်သူမျှ မငြင်းကွယ်နိုင်သည့် အမှန်တရားပင်ဖြစ်ကြောင်း။

ယနေ့ အချိန်အခါကဲ့သို့ နိုင်ငံတော်ကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်လာလျက်ရှိနေသည့် အခြေအနေအချိန်အခါကောင်းမှာ ရရှိပြီးဖြစ်သည့် အောင်မြင်ဖြစ်ထွန်းမှုအရှိန်အဟုန်ကို တစ်ဟုန်ထိုး မြှင့်တင်ပေးနိုင်ရေးအတွက် နိုင်ငံတော်၏ အင်အားကို ခိုင်မာစွာ စုစည်းအသုံးပြုကြရမှာဖြစ်ကြောင်း။



ဒီဇင်ဘာ၃၀ရက်က နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တပ်မတော်(ကြည်း၊ရေ၊လေ) ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော တပ်မတော်(လေ) ဘောလုံးအသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဆုဖလားကြီးကို ပေးအပ်ချီးမြှင့်စဉ်။

(သတင်း-၃) (သတင်းစဉ်)

# ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ကျွမ်းကျင်တတ်မြောက်သည့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရန်အရေးကြီး

ထို့ကြောင့် နယ်မြေဒေသတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးသည့်အခါတိုင်းမှာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်စေရေး၊ စီးပွားရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်ထွန်းလာစေရေးတို့အပြင် ပညာရေး၊ ကျန်းမာရေးဆိုင်ရာ အခြေခံအဆောက်အအုံများဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်နှင့် စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်းများကိုပါ အဓိကထည့်သွင်း အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း။

## အထောက်အကူ

ဆရာ ဆရာမတို့က ရပ်ရွာဒေသ လူ့အဖွဲ့အစည်းအပေါ် စည်းရုံးဦးဆောင်နိုင်မှု စွမ်းအားကောင်းမွန်သည်နှင့်အမျှ ကျောင်းသူကျောင်းသား လူငယ်များ ကျောင်းနေနှုန်း၊ အတန်းစဉ်ဆက် ကူးပြောင်းသင်ယူနှုန်းမြင့်မားပြီး ဒေသ၏ ပညာရေးအဆင့်အတန်း ပညာရေးအသိအမြင် ပိုမိုတိုးတက် မြင့်မားလာမှာဖြစ်သည့်အပြင် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်ပါ ထိထိရောက်ရောက် အထောက်အကူဖြစ်စေမှာ အမှန်ပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတော်၏အခြေအနေကိုကြည့်လျှင် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး အခြေခံများ တိုးတက်မြင့်မားလာမှုနှင့်အတူ ကျေးလက်ဒေသများ နယ်စပ်အစွန်အဖျား ဒေသများအပါအဝင် ပြည်ထောင်စုကြီး၏ နယ်မြေဒေသအစိတ်အပိုင်းများအားလုံး ဟန်ချက်ညီညီ တိုးတက်ဖြစ်ထွန်းစေရအောင် ရည်မှန်းချက်ရှိရှိ ကြိုးပမ်းဖော်ဆောင်ပေးနေမှုများကြောင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုသည် အရှိန်အဟုန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။

## ထိခိုက်နစ်မွန်း

ယင်းသို့ နိုင်ငံတော်ကြီး နယ်ပယ်ကဏ္ဍစုံ၌ ဖွံ့ဖြိုးတိုးတက်နေသော်လည်း နိုင်ငံတော်အပေါ် ဖျက်လိုဖျက်ဆီးလုပ်ဆောင်နေကြသည့် အဖျက်အမှောင့်သမားများက မြန်မာနိုင်ငံ၌ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်က ယိုယွင်းနိမ့်ကျနေသယောင် နှိမ့်ချပြောဆိုရင်း နိုင်ငံတော်၏သိက္ခာ ထိခိုက်နစ်မွန်းစေရအောင် မိမိနိုင်ငံ မိမိအနိမ့်ဆုံးအဆင့်အထိ ဆွဲချလျက်ရှိကြောင်း။

**ယနေ့ မြန်မာနိုင်ငံ၏အခြေအနေသည် နိုင်ငံတကာ၌ လူမှုရေး ယိုယွင်းနိမ့်ကျမှုကို ဖြစ်ပေါ်စေသည့် ပြဿနာများအဖြစ်ခံယူပြီး တိုက်ဖျက်နေကြသည့် အလွန်အမင်း ဆင်းရဲနွမ်းပါးမှုပြဿနာ၊ အာဟာရမပြည့်စုံမှုပြဿနာ၊ သန့်ရှင်းသည့် သောက်သုံးရေ မရရှိမှုပြဿနာ၊ စာမတတ်မြောက်မှုပြဿနာ၊ အမျိုးသမီးများ လူမှုအဆင့်အတန်း ခွဲခြားနှိမ့်ချခံရမှုပြဿနာ စသည့် အနိဋ္ဌာရုံပြဿနာများနှင့် ကင်းစင်နေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။**

## လုံးဝကင်းရှင်း

**ထို့အပြင် နိုင်ငံ၏ အနာဂတ်ကို ထိခိုက်စေမည့် ပြဿနာများအဖြစ် နိုင်ငံတကာ၌ အလေးထားဖြေရှင်းနေရသည့် လူဦးရေ အဆမတန်တိုးပွားမှုပြဿနာ၊ စည်းစနစ်မရှိ မြို့ပြတိုးချဲ့မှုပြဿနာ၊ သဘာဝပတ်ဝန်းကျင်ထိခိုက်စေမည့် စက်မှုလုပ်ငန်းများ စည်းကမ်းမကျ တိုးချဲ့မှုပြဿနာ စသည့်ပြဿနာများလည်း လုံးဝကင်းရှင်းနေသည်ကို တွေ့ကြရမှာဖြစ်ကြောင်း။**

**ကိန်းဂဏန်းအချက်အလက်များအရ ကြည့်မည်ဆိုလျှင် မြန်မာနိုင်ငံ၏ သက်ကြီးစာတတ်မြောက်မှုနှုန်းသည် ၁၉၉၆ခုနှစ်မှာ ၈၃ရာခိုင်နှုန်းရှိခဲ့ပြီး ၂၀၀၆ ခုနှစ်မှာ ၉၄ဒသမ၃၅ရာခိုင်နှုန်းအထိ နှစ်စဉ်မှန်မှန် တိုးတက်လာခဲ့သည်ကို တွေ့ရကြောင်း။**

## တိုးမြှင့်ပေးဝေနိုင်

**ကျေးလက်ဒေသများအထိ စိုက်ပျိုးရေနှင့် သန့်ရှင်းသော သောက်သုံးရေ ရရှိရေးအတွက်လည်း စီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည့်အတွက် ၁၉၈၈ခုနှစ်နောက်ပိုင်းမှာ ဆည်မြောင်းတာတမံပေါင်း၁၉၂ခု ထပ်မံတည်ဆောက်**

## လုပ်ကြံဖန်တီး

ယင်းသို့ နိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားရေးအတွက် အားမာန်အပြည့်အဝဖြင့် ကြိုးပမ်းအားထုတ်ကြရမည့် အခြေအနေ အချိန်အခါမျိုးမှာ အဆိုးမြင်ဝါဒီ အဖျက်သမားများသည် ပြည်သူများ အားပျက်ယုတ်လျော့အောင် ဆိုသည့် စေတနာဆိုးနှင့် နိုင်ငံတော်ကြီး အဘက်ဘက်က ယိုယွင်းပျက်စီးနေသည့် စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးများ နိမ့်ကျနေသည်ဆိုသည့် အနိဋ္ဌာရုံမြင်ကွင်းများကို လုပ်ကြံဖန်တီး ပုံဖော်လျက်ရှိနေခြင်းပင် ဖြစ်ကြောင်း။

အဆိုးမြင်ဝါဒီ အဖျက်သမားများသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှု အဖုံဖုံကို ဆန့်ကျင်ဟန့်တားနိုင်စေရန် ပြည်တွင်းပြည်ပ ချိတ်ဆက်ပြီး အဖျက်အမှောင့်လုပ်ငန်းများ၊ ဖိအားပေး ပိတ်ဆို့မှုများ၊ တိုးမြှင့်လုပ်ဆောင်လာလျက်လည်း ရှိကြောင်း။

## အခြေခံကောင်းများ

စစ်မှန်သည့် ဒီမိုကရေစီစနစ်ဆိုသည်မှာ တဖြည်းဖြည်းချင်း အရှိန်ယူပြီး ပေါ်ထွန်းလာရသည့် ဖြစ်စဉ်တစ်ခုသာ ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ် ခိုင်မာစွာ ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အတွင်းမှာ တည်ငြိမ်အေးချမ်းမှု အခြေခံကောင်းများ၊ အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာမှု အခြေခံကောင်းများနှင့် ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘဝ အဆင့်အတန်း တိုးတက်မြင့်မားမှု အခြေခံကောင်းများနှင့် ပြည့်စုံနေရန်လိုအပ်ကြောင်း။

ယင်းအခြေခံကောင်းများကို နိုင်ငံတော်အစိုးရက ရည်မှန်းချက်ရှိရှိနှင့် စနစ်တကျ စီမံတည်ဆောက်ပေး၍ အောင်မြင်ဖြစ်ထွန်းနေသည့် အချိန်အခါမှာ ရရှိဖြစ်ထွန်းနေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ ယိုယွင်းပျက်စီးအောင်၊ တိုးတက်ဖြစ်ပေါ်မှု အရှိန်အဟုန် ပျက်ယွင်းအောင် ဟန့်တားနှောင့်ယှက်ခြင်းသည် စစ်မှန်သော ဒီမိုကရေစီစနစ် ဖြစ်ထွန်းလာမယ့် အလားအလာကောင်းများကို ဖျက်ဆီးဟန့်တားခြင်းပင် ဖြစ်ကြောင်း။

## ခိုင်ခိုင်မာမာ

အထူးသဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့ တိုင်းရင်းသားလူမျိုးများ ပေါင်းစည်းယှက်နွယ်နေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံကြီးအဖို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေမည့်အခြေခံကောင်းများ ခိုင်ခိုင်မာမာ ဖြစ်တည်နေစေရန်နှင့် ပြည်ထောင်စုကြီး မပြိုကွဲရေးအတွက် ရေရှည်အာမခံနိုင်မည့် အစီအမံများ၊ အခြေခံများရှိနေစေရန် လိုအပ်ကြောင်း။

ယနေ့ အဖျက်အမှောင့်သမားများသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပြိုကွဲစေမည့် သွေးခွဲသပ်လျှိုမှုများ၊ တစ်ယူသန်လူမျိုးရေး အစွဲအလမ်းများ တိုးပွားစေမည့် လုပ်ကြံဖန်တီးမှုများ၊ ပြည်ထောင်စုကြီး ချည့်နဲ့ပြိုကွဲစေမည့် အတွေးအခေါ် အယူအဆများကို ကျယ်ကျယ်ပြန့်ပြန့် ဖန်တီးလျက်ရှိသည်မှာ နိုင်ငံနှင့်လူမျိုးအတွက် နောင်မျိုးရိုးအစဉ်အဆက်တိုင် များစွာအန္တရာယ်ကြီးသည့် လုပ်ရပ်များပင်ဖြစ်ကြောင်း။

## တက်ကြွစွာပါဝင်ကြိုးပမ်း

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် အပြုသဘောနှင့် အဖျက်သဘောကို ခွဲခြားသိမြင်ပြီး စစ်မှန်သော ဒီမိုကရေစီစနစ်ဖြစ်ထွန်းလာစေမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ တည်ဆောက်ပေးနေသည့် နိုင်ငံတော်အစိုးရ၏ တိုင်းကျိုးပြည်ဆောင်လုပ်ငန်းများမှာ တက်ကြွစွာ ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပညာရည်မြင့်မားပြီး အတွေးအခေါ် အသိအမြင် ဗဟုသုတကြွယ်ဝသည့် လူမျိုးသည်သာ မိမိနိုင်ငံ၊ မိမိလူမျိုး၏အကျိုးစီးပွားကို ထိရောက်စွာ ဖော်ဆောင်မြှင့်တင်ပေးနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသား ပညာရည်မြင့်မားမှု စွမ်းအားကို အခိုင်အမာ တည်ဆောက်ပေးနိုင်မှသာလျှင် စစ်မှန်သောဒီမိုကရေစီ စနစ်ကျင့်သုံးသည့် ပြည်ထောင်စုကြီး ဖြစ်ထွန်းလာနိုင်မည့် အခြေခံကောင်းများကို ဦးစွာဖန်တီး ဖော်ဆောင်ပေးနိုင်မှာဖြစ်ကြောင်း။

## ပညာပေးစည်းရုံး

ထို့ကြောင့် ဆရာ ဆရာမများအနေဖြင့် မိမိတို့၏ တပည့်ကျောင်းသူ ကျောင်းသားလူငယ်များနှင့်တကွ မိဘပြည်သူများ ပညာရည်မြင့်မားအောင်၊ အသိအမြင် ဗဟုသုတကြွယ်ဝအောင်၊ မှန်မှားကောင်းဆိုး အကျိုးနှင့်အပြစ်ပီပြင်စွာ ဆန်းစစ်ခွဲခြားသိမြင်နိုင်စေရအောင် ပညာပေးစည်းရုံးသွားကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ပြည်သူအများ ပညာရည်မြင့်မားပြီး အသိအမြင်ကျယ်ပြန့်မှသာ နိုင်ငံ အကြောင်း အဆိုးမြင်သက်သက်နှင့်သာပုံဖော်ပြီး မိမိနိုင်ငံ မကောင်းကြောင်း လုပ်ကြံပြောဆိုကြသည့် အဆိုးမြင်ဝါဒီများနှင့် နိုင်ငံအတွင်းတိုးတက်ဖြစ်ထွန်းမှုများကို ဂုဏ်ယူဝမ်းမြောက် မုဒိတာပွားနိုင်သည့် အပြုသဘောအင်အားစုများ၏ ကွဲပြားခြားနားမှုကို မှန်ကန်စွာ သုံးသပ်ရှုမြင်နိုင်မှာဖြစ်ကြောင်း။

## ခွဲခြားသိမြင်

ထို့အပြင် နိုင်ငံ မညီညွတ်အောင်၊ မဖွံ့ဖြိုးအောင်၊ သွေးခွဲသပ်လျှို နှောင့်ယှက် တားဆီးသည့်အဖျက်သမားများ၊ တိုင်းပြည်တည်ငြိမ်မှုပျက်ပြား၊ ဆူပူဆန့်ကျင်မှု များဖြစ်ပွားပြီး ပြည်သူများဒုက္ခရောက်အောင် သွေးထိုးလှုံ့ဆော်နေသည့် ဆူပူရေး သမားများနှင့် နိုင်ငံတော်တည်ငြိမ်အောင်၊ ညီညွတ်အောင်၊ ဖွံ့ဖြိုးတိုးတက်အောင် တိုင်းကျိုးပြည်ပြုလုပ်ငန်းများ ဆောင်ရွက်နေသည့် အမျိုးသားရေး စွမ်းအားစုများ၏အကြား မှန်ကန်စွာ ခွဲခြားသိမြင် ရွေးချယ်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် မျိုးဆက်သစ်လူငယ်များအတွက် ခိုင်မာသော အနာဂတ်နှင့်တကွ ထိုက်တန်သည့်နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်း အမွေခံကောင်းများ ဖန်တီးဖော်ဆောင်ထားရန်တာဝန်ရှိသကဲ့သို့ မိမိတို့ထားခဲ့သည့် အမွေခံကောင်းများ အစဉ်ထာဝရဆက်လက်ရှင်သန်ခိုင်မာနေစေရန်အတွက် ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးနိုင်သည့် အရည်အသွေး၊ စွမ်းရည်နှင့်စိတ်ဓာတ်တို့ မျိုးဆက်သစ်လူငယ်များမှာ ပြည့်ဝခိုင်မာစေရအောင် ကြိုတင်လေ့ကျင့်ပျိုးထောင်ပေးထားရန် တာဝန်ရှိသည်ဟု ခံယူထားကြောင်း။

## ဝိုင်းဝန်းကြိုးပမ်း

ယင်းခံယူချက်နှင့်အညီ အနာဂတ်ကိုမျှော်မှန်းသော အမျိုးသားပညာရည် မြင့်မားရေးစီမံကိန်းများကို စနစ်တကျချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် ဆရာ ဆရာမများအားလုံးကလည်း နိုင်ငံတော်အစိုးရ၏ မြင့်မားသည့် ရည်မှန်းချက်များ၊ မျိုးဆက်သစ်လူငယ်များအပေါ် ထားရှိသည့် မျှော်မှန်းချက်များကို သိမြင်ပြီး အမျိုးသားပညာရည်မြင့်မားရေးစီမံကိန်းများ အောင်မြင်ဖြစ်ထွန်းစေရအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ-

- **ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာ့အလယ်တွင် ဂုဏ်သိက္ခာရှိရှိ၊ တင့်တင့်တယ်တယ် အခွန့်ရှည်တည်တံ့ ခိုင်မြဲစွာရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းစွမ်းဆောင်ပေးနိုင်မယ့် အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားကောင်းများ ပြည့်ပြည့်ဝဝ ပေါ်ထွန်းလာစေရအောင် အားထုတ်ကြိုးပမ်းဆောင်ရွက်သွားကြပါ၊ နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ ခိုင်မြဲရေးတို့ကို ထိပါးနှောင့်ယှက်နေသည့် အဖျက်အမှောင့်သမားများ၏ အန္တရာယ်ကို ပြည်သူများအားလုံးနှင့် အတူတကွ လက်တွဲတွန်းလှန်တိုက်ဖျက်သွားကြပါ။**
- **အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝ သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီး ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်မှု ဖြစ်စဉ်အဆင့်ဆင့် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် တက်တက်ကြွကြွ ပါဝင်ပူးပေါင်းဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

## ဆုများချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သင်တန်းသားစံပြဆုရ ကသအမှတ်(F-၁၃၂)မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ဒေါက်ရင်းအနောက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ မူလတန်းကျောင်းအုပ်ဆရာကြီး ဦးလွန်းရွှေ၊ သင်တန်းသူစံပြဆုရ ကသအမှတ်(A-၃၆) ရန်ကုန်တိုင်း သန်လျင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ အလယ်တန်းပြဆရာမ ဒေါ်သူဇာထွန်း၊ သင်တန်းသား ဖွဲ့လုံ့လဆုရ ကသအမှတ် (F-၁၅၄) ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် အခြေခံပညာအလယ် တန်းကျောင်း(ဇီးကိုင်း)မှ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးစံသာကျော်၊ သင်တန်းသူ ဖွဲ့လုံ့လဆုရရှိကြသော ကသအမှတ်(D-၅၃) ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် အမှတ်(၈)အခြေခံပညာမူလတန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်နန်းငွေမြင့်နှင့် ကသအမှတ်(D-၁၀၈) ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မူလတန်းပြဆရာမ ဒေါ်ခင်သန်းမြင့်တို့အား ဆုများချီးမြှင့်သည်။

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က စံပြအဆောင်ဆုရ သင်တန်းသား တပ်ခွဲ(၅) အဆောင်(၇)နှင့် သင်တန်းသူတပ်ခွဲ(၈) အဆောင်(၁၀)တို့ကိုလည်းကောင်း၊ သင်တန်းသား ခေါင်းဆောင်များမှတစ်ဆင့် သင်တန်းဆင်းအောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအားလည်းကောင်း ပေးအပ်သည်။

## ပေးအပ်လှူဒါန်း

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီးအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်းတက္ကသိုလ် ကိုးနဝင်းစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေးအတွက် လှူဒါန်းငွေ၊ ပုဂံရှေးဟောင်းဘုရားပုထိုးများပြုပြင်မွမ်းမံ ထိန်းသိမ်းရေးအတွက်လှူဒါန်းငွေ၊ အမျိုးသားညီလာခံကိုဂုဏ်ပြုလှူဒါန်းငွေ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရန်ပုံငွေအတွက် လှူဒါန်းငွေ၊ ဗဟိုဝန်ထမ်း တက္ကသိုလ် အခြေခံပညာမူလွန်ကျောင်းအတွက် လှူဒါန်းငွေနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ် မူလတန်းကြိုကျောင်းအတွက် လှူဒါန်းငွေစုစုပေါင်း ငွေကျပ် ၅၈၈၇၈၀ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကာ သင်တန်းဆင်းပွဲ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။ အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား၊ သင်တန်းသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

**(သတင်းစဉ်)**

31-12 (09) 1 3/25/1905, 10:34 PM

# ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့် နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်

စာမျက်နှာ ၇ မှ

"၁။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေသည် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ ထက်ဝက်ကျော်ဆန္ဒမဲဖြင့် အတည်ပြုပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ နိုင်ငံတော်တစ်ဝန်းလုံး၌ အာဏာတည်သည်။

၂။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မှစ၍ ပြည်ထောင်စုလွှတ်တော်၏ ပထမအကြိမ် အစည်းအဝေးမကျင်းပမီ ကာလအတွင်း ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်က ဆောင်ရွက်ရန်ရှိသည်များကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နိုင်ငံတော်၏အချုပ်အခြာအာဏာကို ဆက်လက်ခံယူကျင့်သုံး၍ ဆောင်ရွက်ရမည်။

၃။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာတည်သည့်နေ့မတိုင်မီ ကာလတွင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်။

၄။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ မူဝါဒလမ်းညွှန်မှုများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ အမိန့်ပြန်တမ်းများ၊ ကြေညာချက်များ၊ ဆောင်ရွက်ချက်များ၊ တာဝန်များနှင့် ရပိုင်ခွင့်များကို ဆက်ခံသည်။

၅။ တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၆။ တည်ဆဲဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။

၇။ ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့၌ တည်ရှိနေသော တရားရုံးများသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ တည်ထောင်သည့် တရားရုံးများမပေါ်ပေါက်မီ ဆက်လက်၍ တရားစီရင်ပိုင်ခွင့်အာဏာများ သုံးစွဲဆောင်ရွက်ရမည်။ အဆိုပါ တရားရုံးများတွင် မပြီးမပြတ် ကျန်ရှိနေသော တရားမမှုများ၊ ပြစ်မှုဆိုင်ရာအမှုများနှင့် အခွန်တော်အမှုများကို အမှုစတင် စစ်ဆေးစဉ်က ကျင့်သုံးသည့် ဥပဒေများနှင့်အညီ ဆက်လက် စစ်ဆေးစီရင်ရမည်။

၈။ ဤဖွဲ့စည်းပုံ အခြေခံဥပဒေ အာဏာစတင်တည်သည့်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီလက်အောက်၌ ဖွဲ့စည်းထားရှိသည့် တပ်မတော်အပါအဝင် ဌာနဆိုင်ရာအဖွဲ့အစည်းများ၌ အမှုထမ်းရွက်ဆဲ ဖြစ်ကြသော နိုင်ငံ့ဝန်ထမ်းများသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက အခြားနည်းလမ်းဖြင့် ပြဋ္ဌာန်းခြင်းမပြုသမျှ ဆက်လက်တည်ရှိစေရမည်"

ဆိုတဲ့ အချက်(၈)ချက်ကို ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အခန်း၏ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဆက်လက်ပြီးတော့ အထွေထွေပြဋ္ဌာန်းချက်များအခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများနှင့် စပ်လျဉ်းပြီး တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်က အမျိုးသားညီလာခံကိုယ်စားလှယ် ဦးထွန်းဦးက ဖတ်ကြားတင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော်ကတော့ ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်က အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးထွန်းဦး ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မယ့် အခန်းများအနက် အထွေထွေပြဋ္ဌာန်းချက်များ အခန်းနဲ့ စပ်လျဉ်းပြီး ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ဆက်လက်ဆွေးနွေးတင်ပြသွားမှာ ဖြစ်ပါတယ်။

ကမ္ဘာ့နိုင်ငံအသီးသီးရှိ သက်ဆိုင်ရာ နိုင်ငံတစ်ခုစီမှာ မိမိတို့နိုင်ငံအလိုက် ဖြတ်သန်းလာတဲ့ သမိုင်းရေစီးကြောင်းကို အခြေခံ၍ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကို ပင်မဥပဒေအဖြစ် ရေးဆွဲကြစမြဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာ ခက်မသုံးဖြာဖြစ်တဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေး အာဏာများကို မည်သို့ခွဲဝေ ကျင့်သုံးမယ်၊ နိုင်ငံတော်က ကျင့်သုံးမယ့် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ အခြေခံမူများ နိုင်ငံသားများ၏ အခွင့်အရေးနှင့်တာဝန်များ စသည့်ဖော်ပြပါရှိသည့် အချက်အလက်များသည် နိုင်ငံအတွင်းရှိ အခြားဥပဒေများအားလုံးရဲ့ ပင်စည်ဖြစ်ပြီး အခြားဥပဒေအားလုံးဟာလည်း ပင်စည်မှ ဖြာထွက်လာတဲ့ အခက်အလက်များ သဖွယ်ဖြစ်လို့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ လိုက်လျောညီထွေ ရှိရမှာ ဖြစ်ပါတယ်။ ကမ္ဘာ့နိုင်ငံအချို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ လည်းကောင်း၊ မြန်မာနိုင်ငံရဲ့ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာလည်းကောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ဥပဒေအားလုံးရဲ့ အခြေခံဥပဒေအဖြစ် ပြဋ္ဌာန်းထားတာ လေ့လာတွေ့ရှိရပါတယ်။

ဒါ့ကြောင့် **"ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေ"** ဖြစ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

မြန်မာစာကို နိုင်ငံတော်အတွင်း နေရာဒေသအနှံ့အပြားမှာ သုံးစွဲလျက်ရှိသလို နောင်တွင်လည်း ပြည်သူနှင့်အစိုးရ အဖွဲ့အစည်းများ ဆက်သွယ်ရာတွင် လည်းကောင်း၊ အစိုးရဌာနအချင်းချင်း ဆက်သွယ်ရာမှာလည်းကောင်း၊ လွယ်ကူလျင်မြန်၍ တညီတညွတ်တည်း ဖြစ်စေရန် မြန်မာစာသည် ရုံးသုံးစာဖြစ်သည်ဟု အခြေခံရမယ့်မူ ချမှတ်ခဲ့ပြီး ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ အခြေခံမူများဟာ ဥပဒေများကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာမှာ လိုက်နာရမယ့် လမ်းညွှန်ချက်များ ဖြစ်ပါတယ်။ နိုင်ငံတော်၏အခြေခံမူများ သတ်မှတ်အတည်ပြုခဲ့ရာတွင် မြန်မာနိုင်ငံရဲ့ သဘာဝအနေအထား၊ ဖြတ်သန်းခဲ့တဲ့ သမိုင်းကြောင်း၊ လက်ရှိဖြစ်ပေါ်နေတဲ့ အခြေအနေအရပ်ရပ်နဲ့ လိုက်လျောညီထွေရှိပြီး အနာဂတ်ကာလ နိုင်ငံတော်မှာ နိုင်ငံရေးတည်ငြိမ်မှု၊ နိုင်ငံတော် ပိုမိုစည်ပင် ဖွံ့ဖြိုးတိုးတက်မှုတို့အတွက် ဘက်ပေါင်းစုံမှ ရှုမြင်သုံးသပ်ပြီး ချမှတ်ခဲ့ကြတာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် အခြားဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာမှာလည်း လမ်းညွှန်များဖြစ်ကြောင်း၊ ၁၉၇၄ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းခဲ့သလို နိုင်ငံအချို့ရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေတွေမှာလည်း ထည့်သွင်း ပြဋ္ဌာန်းခဲ့ကြပါတယ်။



**ဖတ်ကြား**

**ရန် ကုန် တိုင်း မြောက်ဥက္ကလာပမြို့နယ်မှ ကိုယ်စားလှယ် ဦးထွန်းဦး တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)

ဒါ့ကြောင့် ၁၉၉၃ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့တွင် ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသားညီလာခံစုံညီအစည်းအဝေးက အထွေထွေပြဋ္ဌာန်းချက်များနှင့် စပ်လျဉ်းပြီး ချမှတ်ခဲ့တဲ့ အခြေခံမူနှစ်ရပ်ဖြစ်တဲ့–

"၁။ **မြန်မာစာသည် ရုံးသုံးစာဖြစ်သည်။**

၂။ **နိုင်ငံတော် အခြေခံမူများသည် ဥပဒေပြုလွှတ်တော်များက ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့် လမ်းညွှန်များဖြစ်သည်"**

တို့ကို ယခုဆွေးနွေးတင်ပြခဲ့တဲ့ အထွေထွေပြဋ္ဌာန်းချက်များဆိုင်ရာ အခန်းသို့ အသေးစိတ် အခြေခံရမယ့်မူအဖြစ် ပြောင်းရွှေ့ဖော်ပြသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြဋ္ဌာန်းတဲ့အခါ မြန်မာစာဖြင့်ပြုစုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပြဋ္ဌာန်းကြမှာဖြစ်ပြီး အတည်ပြု ပြဋ္ဌာန်းပြီးနောက် မြန်မာစာမူအပြင် လိုအပ်ပါက အခြားဘာသာများနဲ့ ပြန်ဆိုတဲ့ ဘာသာပြန်စာမူများလည်းရှိလာနိုင်ပါတယ်။ အဲဒီလို အခြားဘာသာပြန်စာမူများ မည်သို့ပင်ရှိစေကာမူ မြန်မာစာဖြင့် ရေးသားထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ စာမူကိုသာ အတည်ပြုပြဋ္ဌာန်းမှာ ဖြစ်တဲ့အတွက် အခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်လာရင် မြန်မာစာဖြင့် ရေးသားချက်များ အပေါ်မှာသာ နိဒါန်း၊ ပုဒ်မများ၊ ပုဒ်မခွဲများ၊ စကားလုံးစုများ၊ စကားလုံးတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ သဘောအယူအဆများ ဖွင့်ဆိုရာ၌ အဓိပ္ပာယ်လွဲမှားမှု၊ အငြင်းပွားမှုများမဖြစ်စေဖို့အတွက် မြန်မာစာကိုသာ အခြေပြုသင့်ပါသည်။ အခြေခံဥပဒေမှာပါရှိတဲ့ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုပေးဖို့ လိုအပ်လာလျှင်လည်း တည်ဆဲဥပဒေတစ်ရပ်ဖြစ်တဲ့ စကားရပ်များ အနက်အဓိပ္ပာယ် ဖွင့်ဆိုရေးဥပဒေကို ကိုးကားသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား –**

နိုင်ငံတစ်ခုရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ အဲဒီနိုင်ငံရဲ့ သမိုင်းမှတ်တိုင်ဖြစ်သလို ဖြစ်ပေါ်ခဲ့တဲ့ သမိုင်းကြောင်းဖြစ်စဉ်များနဲ့ လိုက်လျောညီထွေရှိအောင် အခြေခံပြီး ရေးဆွဲခဲ့ကြတဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဟာ မော်ကွန်းအဖြစ် သတ်မှတ်ရမယ့် သမိုင်းအထောက်အထား ဖြစ်ပါတယ်။ ဒီလို သမိုင်းတန်ဖိုးကြီးတဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေရဲ့ စာမူကို အခွန့်ရှည်စွာ မပျက်မစီးအောင် ထိန်းသိမ်းထားနိုင်ဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ ယခုအခါ မိမိတို့ မြန်မာနိုင်ငံတွင် အမျိုးသားမှတ်တမ်းနဲ့ မော်ကွန်းဥပဒေတစ်ရပ် ပြဋ္ဌာန်းထားရှိပြီးဖြစ်လို့ အဲဒီဥပဒေအရ ယခုအမျိုးသားညီလာခံက ရေးဆွဲပြီး ပြည်သူ့ဆန္ဒနဲ့ အတည်ပြုပြဋ္ဌာန်းမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ မြန်မာစာမူတစ်ခုကိုလည်း အမျိုးသားမော်ကွန်းတိုက်တွင် မော်ကွန်းတင်ထားရှိစေပြီး ထိုစာမူသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတွက် အပြီးအပြတ် သက်သေအရာ တည်စေသင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အမျိုးသားညီလာခံက နိုင်ငံတော်အခြေခံမူများအခန်းတွင် စီးပွားရေးနှင့် စပ်လျဉ်းပြီး နိုင်ငံတော်အနေဖြင့် အမျိုးသားစီးပွားရေး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်ဒေသဆိုင်ရာ အဖွဲ့အစည်းများ၊ သမဝါယမအဖွဲ့အစည်းများ၊ ဖက်စပ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကစသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုကြောင်း အခြေခံမူကို ချမှတ်ခဲ့ပြီးဖြစ်ပါတယ်။ ယခုဆိုလျှင်လည်း နိုင်ငံတော်အစိုးရနဲ့ အကျိုးတူ ဖက်စပ်ဖြစ်စေ၊ နိုင်ငံတော်က သတ်မှတ်ပေးတဲ့ စည်းကမ်းများနဲ့အညီဖြစ်စေ၊ ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်များနဲ့ လုပ်ကိုင်ဆောင်ရွက်နေတဲ့ စီးပွားရေးလုပ်ငန်း အများအပြားရှိနေပြီ ဖြစ်ပါတယ်။ ယခုဖွဲ့စည်းပုံ အခြေခံဥပဒေအသစ် အတည်ပြု ပြဋ္ဌာန်းပြီးတဲ့အခါမှာလည်း ပေါ်ပေါက်လာမယ့် ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သမဝါယမ၊ ပုဂ္ဂလိကစသည်ဖြင့် အချိန်အခါနဲ့ အခြေအနေပေးသလို ကဏ္ဍအလိုက် စည်းကမ်းသတ်မှတ်ချက်ဖြင့် ခွဲဝေဆောင်ရွက်စေသင့်တဲ့ စီးပွားရေးလုပ်ငန်းများ ရှိလာမှာ ဖြစ်ပါတယ်။ အဲဒီလိုအခြေအနေမျိုး ပေါ်ပေါက်လာပါက ပြည်ထောင်စု အစိုးရသည် ပြည်ထောင်စုအစိုးရကသာ လုပ်ကိုင်ဆောင်ရွက်ရန် သတ်မှတ်ထားသော စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်ကို နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ တိုင်းဒေသကြီးအစိုးရအဖွဲ့ သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ကို ပြည်ထောင်စု အစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်သည့် သမဝါယမအဖွဲ့အစည်း၊ စီးပွားရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဖက်စပ်လုပ်ကိုင် ဆောင်ရွက်ရန်ဖြစ်စေ၊ စည်းကမ်းသတ်မှတ်ချက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ရန်ဖြစ်စေ ခွင့်ပြုနိုင်တဲ့ အခြေခံမူတစ်ရပ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ကျွန်တော်တို့ နိုင်ငံမှာ ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးနောက်ပိုင်း တက်ရောက်လာတဲ့ နိုင်ငံတော်အစိုးရ အဆက်ဆက်နဲ့ အခြားကမ္ဘာ့နိုင်ငံအစိုးရတို့ အချင်းချင်း ချုပ်ဆိုအတည်ပြုခဲ့တဲ့ စာချုပ်များ၊ သဘောတူညီချက်များ ရှိပါတယ်။ အဲဒီလို ချုပ်ဆိုခဲ့တဲ့ စာချုပ်များမှ ပေါ်ထွက်လာတဲ့ တရားမျှတသည့် တာဝန်များကို မြန်မာနိုင်ငံအပေါ် အခြားနိုင်ငံက ထားရှိအပ်တဲ့ ပဋိညာဉ်များအတိုင်း လေးစားအသိအမှတ်ပြု လိုက်နာပါက ယခုဖွဲ့စည်းပုံအခြေခံ ဥပဒေအသစ်အရ ဖွဲ့စည်းဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ အစိုးရအနေနဲ့လည်း အပြန်အလှန် လေးစားရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ယခုဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာမတည်မီကာလက ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် အခြားတစ်နိုင်ငံအစိုးရတို့ ချုပ်ဆိုအတည်ဖြစ်ခဲ့သော စာချုပ်များအရသော်လည်းကောင်း၊ သဘောတူညီချက်များ အရသော်လည်းကောင်း ပေါ်ထွက်လာသော တရားမျှတသည့် တာဝန်များကို အဆိုပါ နိုင်ငံကလည်း မိမိတို့မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ ထားရှိအပ်သော ပဋိညာဉ်များကို လေးစားပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကလည်း လေးစားသည်လို့ အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ယခုဖွဲ့စည်းပုံအသစ် အာဏာမတည်မီက မိမိတို့မြန်မာနိုင်ငံတော်အစိုးရနဲ့ ချုပ်ဆိုထားခဲ့သော ပဋိညာဉ်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ၊ တာဝန်များနဲ့ စပ်လျဉ်းလို့ဖြစ်စေ တစ်စုံတစ်ရာ နစ်နာဆုံးရှုံးမှုအတွက် မိမိတို့နိုင်ငံအစိုးရအပေါ် တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးအရ တရားစွဲဆိုရန် အကြောင်းတစ်စုံတစ်ရာ ပေါ်ပေါက်ပါက ဤဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ဖွဲ့စည်းဖြစ်ပေါ်လာတဲ့ ပြည်ထောင်စုအစိုးရအား တရားစွဲဆိုခွင့် ပေးသင့်ပါတယ်။ အလားတူစွာ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေးကို မိမိတို့နိုင်ငံက ရရှိခဲ့ရင်လည်း သက်ဆိုင်ရာနိုင်ငံအပေါ် တရားစွဲဆိုခွင့် ရှိစေရမှာ ဖြစ်ပါတယ်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် အတည်ပြုပြဋ္ဌာန်းပြီးနောက် ဖြစ်ပေါ်လာမယ့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အနေနဲ့လည်း ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အမည်နဲ့ တရားစွဲဆိုနိုင်တဲ့ အခွင့်အရေး ရရှိစေသင့်သလို အခြားတစ်ဖက်က တရားစွဲဆိုခြင်းကိုလည်း ခံနိုင်ရမှာဖြစ်ပါတယ်။ ထို့ကြောင့် အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်သင့်ကြောင်း တင်ပြအပ်ပါတယ်။

အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ကျန်ရှိတဲ့ အကြံပြုချက်များကို ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ဦးစိုင်းယီမွန်က ဆက်လက်ဖတ်ကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

**သဘာပတိကြီးနဲ့ အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော်ကတော့ ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်က တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့ အမျိုးသားညီလာခံကိုယ်စားလှယ် ဦးစိုင်းယီမွန် ဖြစ်ပါတယ်။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းမှုနှင့် ပတ်သက်လို့ ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်ဦးရေ ရွေးချယ်ပုံ၊ အဖွဲ့ဝင်များမှာ ရှိသင့်တဲ့ အရည်အချင်း၊ အဖွဲ့ဝင်သက်တမ်း စသည်များနှင့် ပတ်သက်ပြီး တင်ပြလိုပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့လုပ်ငန်းတာဝန်များဟာ အထူးအရေးကြီးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ ပေါ်ပေါက်လာရင် အဲဒီလိုအငြင်းပွားမှုများကို အခြေခံဥပဒေ၏ မူလရည်ရွယ်ချက်၊ အခြေခံမူ အနှစ်သာရများမှ သွေဖည်မသွားရလေအောင် အဆုံးအဖြတ်ပေးရမယ့်ကိစ္စများ ရှိလာမှာဖြစ်ပါတယ်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့**

**တည်ဆဲဥပဒေများ၊ စည်းမျဉ်းဥပဒေများ၊ စည်းကမ်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်း မပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်။**

# ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်သည့်နေ့ မတိုင်မီကာလတွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေကို အကောင်အထည်ဖော်ရေးအတွက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ကြိုတင်ဆောင်ရွက်သည့် လုပ်ငန်းရပ်များသည် ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဆောင်ရွက်သည်ဟု မှတ်ယူရမည်

**စာမျက်နှာ ၁၀ မှ**

ဒါကြောင့် အခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းမှုနဲ့ ပတ်သက်လို့ ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးရာမှာ အသက်အရွယ်အားဖြင့် ငယ်လွန်းသူမဖြစ်သင့်တဲ့အတွက် အနည်းဆုံးအသက်(၅၀)နှစ် ပြည့်ပြီးသူ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စုတရားသူကြီးများအတွက် သတ်မှတ်ထားတဲ့ အရည်အချင်းများနဲ့ ပြည့်စုံသူ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ စီးပွားရေး၊ လုံခြုံရေးအမြင်ရှိသူ နိုင်ငံတော်နဲ့ နိုင်ငံသားများအပေါ် သစ္စာရှိသူ စသည့်အရည်အချင်းများ ပြည့်စုံသင့်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းတဲ့အခါ မနည်းလွန်း မများလွန်းသည့် ဦးရေဖြစ်သည့် ဥက္ကဋ္ဌအပါအဝင် အဖွဲ့ဝင်(၉) ဦးဖြင့် ဖွဲ့စည်းသင့်ကြောင်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ တင်ပြချက်မှာ လျော်ကန်သင့်မြတ်တယ်လို့ သဘောရရှိပါတယ်။ အဲဒီအဖွဲ့ဝင် (၉)ဦးကို ကနဦးရွေးချယ်ရာမှာလည်း ပုဂ္ဂိုလ်တစ်ဦးတည်းက ရွေးချယ်မှုမပြုဘဲ နိုင်ငံတော်သမ္မတက(၃)ဦး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက(၃)ဦး၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက(၃)ဦးစီကို လွှတ်တော်ကိုယ်စားလှယ်များထဲကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ် မဟုတ်သူများထဲက ဖြစ်စေ ရွေးချယ်ပြီး ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီမှု ရရှိသင့်ပါတယ်။ ပြည်ထောင်စုလွှတ်တော်အနေနဲ့လည်း နိုင်ငံတော်သမ္မတက စုစည်းတင်ပြလာတဲ့ ခုံရုံးအဖွဲ့ဝင်များနဲ့ စပ်လျဉ်းပြီး အရည်အချင်းမပြည့်စုံကြောင်း အထင်အရှားပြသခြင်း မပြုနိုင်ပါက အဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးရန် ငြင်းပယ်ခွင့်မရှိသင့်ပါ။ ခုံရုံးအဖွဲ့ဝင်အဖြစ် ခန့်အပ်တာဝန်ပေးဖို့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီမှုမရတဲ့ အဖွဲ့ဝင်နေရာအတွက် အမည်စာရင်းတင်သွင်းခွင့်ကိုလည်း သမ္မတက ထပ်မံတင်သွင်းခွင့် ရှိစေသင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ သက်တမ်းနဲ့ စပ်လျဉ်းပြီး ဆက်လက်တင်ပြလိုပါတယ်။ အမျိုးသားညီလာခံက ပြည်ထောင်စုလွှတ်တော်ရဲ့ သက်တမ်းကို (၅)နှစ် ဖြစ်ကြောင်း အခြေခံမူချမှတ်ခဲ့ပါတယ်။ အခြေခံ ဥပဒေဆိုင်ရာ ခုံရုံးရဲ့ သက်တမ်းကိုလည်း ပြည်ထောင်စုလွှတ်တော်ရဲ့သက်တမ်းလိုပဲ (၅)နှစ် သတ်မှတ်ပေးပါက လျော်ကန်သင့်မြတ်ကြောင်း သဘောရရှိပါတယ်။ သို့သော်လည်း သက်တမ်းကုန်ဆုံးပြီးနောက် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအသစ်ကို သမ္မတက ဖွဲ့စည်းပြီးသည်အထိ ဆက်လက် တာဝန်ထမ်းဆောင်စေသင့်ကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့အဖွဲ့ဝင်အဖြစ် တာဝန်ပေးခံရသူသည် လွှတ်တော်တစ်ရပ်ရပ်ရဲ့ ကိုယ်စားလှယ်ဖြစ်ခဲ့ရင် မိမိအား ခုံရုံးအဖွဲ့ဝင် တာဝန်ခန့်အပ်ခံရတဲ့ နေ့ကစပြီး နုတ်ထွက်ပေးဖို့ လိုအပ်သလို နိုင်ငံ့ဝန်ထမ်းဖြစ်ရင်လည်း စည်းမျဉ်း စည်းကမ်းနဲ့အညီ အငြိမ်းစားယူရမှာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသည် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းဆုံးဖြတ်ရာမှာ နိုင်ငံရေးဘက်လိုက်မှု ကင်းရှင်းရမှာဖြစ်တဲ့အတွက် ခုံရုံးအဖွဲ့ဝင်အဖြစ် တာဝန်ပေးအပ်ခံရတဲ့ အဖွဲ့ဝင်သည် နိုင်ငံရေးပါတီဝင် တစ်ဦးဖြစ်လျှင် မိမိရာထူးသက်တမ်းအတွင်း သက်ဆိုင်ရာ ပါတီရဲ့ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိသင့်ပါ။ ခုံရုံးအဖွဲ့ဝင် တစ်ဦးသည် သက်တမ်းမကုန်ဆုံးမီ အကြောင်းတစ်စုံတစ်ရာကြောင့် ရာထူးမှ နုတ်ထွက်လိုပါက သမ္မတထံ စာဖြင့် ရေးသားတင်ပြပြီး နုတ်ထွက်ခွင့် ပေးသင့်ပါတယ်။ ဒါ့အပြင် အကြောင်း တစ်စုံတစ်ရာကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်နေရာလစ်လပ်ခဲ့လျှင်လည်း လစ်လပ်သောနေရာတွင် အဖွဲ့ဝင်အသစ်ကို ခန့်အပ်တာဝန်ပေးအပ်နိုင်ရေးအတွက်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းပေးဖို့ လိုအပ်မှာ ဖြစ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်တစ်ဦးသည် နိုင်ငံတော်အပေါ် သစ္စာစောင့်သိခြင်း၊ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း၊ အကျင့်၊ သီလ၊ သမာဓိ၊ သိက္ခာနှင့် ပြည့်စုံခြင်း စသည့် အရည်အချင်းများနှင့်လည်း ပြည့်စုံဖို့ လိုအပ်မှာ ဖြစ်ပါတယ်။ အဲဒီ အရည်အချင်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်ဖြစ်စေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ခုံရုံးအဖွဲ့ဝင်ရဲ့ အရည်အချင်း ပျက်ယွင်းလာလျှင်ဖြစ်စေ၊ အဲဒီအဖွဲ့ဝင်ကို စွပ်စွဲပြစ်တင်ခွင့် ရှိသင့်ပါတယ်။ ဒီလိုစွပ်စွဲပြစ်တင်ရာမှာလည်း ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးတစ်ဦးဦးအား စွပ်စွဲပြစ်တင်ခြင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲတဲ့အခါ အခြေခံရမယ့်မူများ ချမှတ်ထားရာမှာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးနှင့် စပ်လျဉ်းပြီး အခြေခံရမယ့်မူများအဖြစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ ပြည်ထောင်စုနဲ့ တိုင်းဒေသကြီးလွှတ်တော်များ၊ ပြည်နယ်လွှတ်တော်များက ပြဋ္ဌာန်းသည့် ဥပဒေများသည် လည်းကောင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်အဖွဲ့များ၏ ဆောင်ရွက်ချက်များသည်လည်းကောင်း၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှုရှိ–မရှိ စိစစ်ခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အငြင်းပွားမှုများကို ကြားနာ ဆုံးဖြတ်ခြင်းနှင့် နိုင်ငံတော်အခြေခံဥပဒေက အပ်နှင်းသည့် အခြားတာဝန်များ ဆောင်ရွက်ခြင်းပြုနိုင်ရန် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးကို ဖွဲ့စည်းဖို့အခြေခံမူ ချမှတ်ခဲ့တာ ဖြစ်ပါတယ်။ ဒီအခြေခံမူများမှာ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးက ဆောင်ရွက်ရမယ့် လုပ်ငန်းတာဝန်များ ပါရှိနေတာ တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ လုပ်ငန်းတာဝန်များအဖြစ်–

**"၁။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုခြင်း၊**

**၂။ ပြည်ထောင်စုလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ ပြည်နယ်လွှတ်တော် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့က ပြဋ္ဌာန်းသည့် ဥပဒေများသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ–မရှိ စိစစ်ခြင်း၊**

**၃။ ပြည်ထောင်စု တိုင်းဒေသကြီးများ၊ ပြည်နယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများ၏ အုပ်ချုပ်မှုဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက်ချက်များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ–မရှိ စိစစ်ခြင်း၊**

**၄။ ပြည်ထောင်စုနှင့်တိုင်းဒေသကြီးအကြား၊ ပြည်ထောင်စုနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အကြား၊ တိုင်းဒေသကြီးအချင်းချင်း၊ ပြည်နယ်အချင်းချင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအကြား၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုအချင်းချင်း ဖြစ်ပေါ်သည့် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊**

**၅။ တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့က ပြည်ထောင်စုဥပဒေကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး၊ ပြည်နယ် သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုတို့၏ အခွင့်အရေးနှင့် တာဝန်များနှင့် စပ်လျဉ်း၍ ပေါ်ပေါက်သည့် အငြင်းပွားမှုများကို ဆုံးဖြတ်ခြင်း၊**

**၆။ ပြည်ထောင်စုနယ်မြေများနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အကြောင်းကြားလာသည့် ကိစ္စရပ်များကို စိစစ်ဆုံးဖြတ်ခြင်း၊**

**၇။ ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများက ပေးအပ်သည့် လုပ်ငန်းတာဝန်များ"**

လို့ သတ်မှတ်သင့်ကြောင်း တွေ့ရှိရပါတယ်။

**သဘာပတိကြီးခင်ဗျား–**

တရားရုံးအဆင့်ဆင့်တို့ဟာ ပြစ်မှုဆိုင်ရာ အမှုများနဲ့ တရားမအမှုများကို တည်ဆဲဥပဒေများနှင့်အညီ စစ်ဆေးစီရင်လျက်ရှိကြပါတယ်။ အဲဒီလိုစစ်ဆေးတဲ့အခါ တရားရုံးတစ်ရုံးက မိမိစစ်ဆေးသည့်အမှုတွင် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်မှု ရှိ–မရှိ အငြင်းပွားမှု ပေါ်ပေါက်ပါက အဲဒီအငြင်းပွားမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးကသာ အဆုံးအဖြတ်ပေးသင့်ပါတယ်။ တရားရုံးအနေနဲ့ စစ်ဆေးဆဲအမှုကို ရပ်ဆိုင်းထားပြီး မိမိထင်မြင်ချက်နှင့်အတူ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးသို့ တင်ပြအဆုံးအဖြတ်ရယူသင့်ပါကြောင်းနှင့် အငြင်းပွားမှုနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးရဲ့ ဆုံးဖြတ်ချက်သည် အမှုအားလုံးနှင့် သက်ဆိုင်စေရမည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်စေရန် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးရေး လုပ်ငန်းတာဝန်ကို ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးက ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အဲဒီလို ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ဆိုပေးဖို့ ပေးပို့တင်သွင်းရာမှာ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုတရားသူကြီးချုပ်နဲ့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌတို့က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တိုက်ရိုက်တင်သွင်းခွင့်ရှိသင့်ကြောင်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်ဟာ လျော်ကန်သင့်မြတ်ကြောင်း တင်ပြအပ်ပါတယ်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အားလုံးရဲ့ အနည်းဆုံး (၁၀)ရာခိုင်နှုန်း အရေအတွက်ရှိတဲ့ ကိုယ်စားလှယ်များက ဖွဲ့စည်းပုံအခြေခံဥပဒေကို အဓိပ္ပာယ်ဖွင့်ပေးဖို့ တင်သွင်းတဲ့ ကိစ္စမှာ တိုက်ရိုက်တင်သွင်းခွင့်မပေးဘဲ သတ်မှတ်ထားတဲ့ နည်းလမ်းများနှင့်အညီသာ တင်သွင်းခွင့်ရရှိရေးအတွက် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဖွဲ့စည်းခြင်း၊ အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ်မှုများ၊ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များရဲ့ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ရပိုင်ခွင့်များအတွက် လိုအပ်တဲ့ဥပဒေကို ပြည်ထောင်စု လွှတ်တော်က ပြဋ္ဌာန်းပေးရမှာဖြစ်ပါတယ်။ အဲဒီလို ဥပဒေပြဋ္ဌာန်းတဲ့အခါ မှီငြမ်းပြုနိုင်ဖို့ ခုံရုံးဥက္ကဋ္ဌကို ဒုတိယသမ္မတအဆင့် သတ်မှတ်ပြီး၊ ခုံရုံးအဖွဲ့ဝင်များကို ပြည်ထောင်စု ဝန်ကြီးအဆင့် သတ်မှတ်သင့်ကြောင်း လုပ်ငန်းကော်မတီ ဥက္ကဋ္ဌရဲ့ ရှင်းလင်းတင်ပြချက်မှာ လျော်ကန်သင့်မြတ်မှု ရှိပါကြောင်းနှင့် အသေးစိတ်အခြေခံရမည့်မူ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

**သဘာပတိကြီးခင်ဗျား–**

အထက်က တင်ပြခဲ့တဲ့အချက်အလက်များအရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် အထွေထွေပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌမှ ရှင်းလင်းတင်ပြခဲ့သော အမှတ်စဉ် (၁)မှ (၂၆)အထိ အချက်အလက်များကို အသေးစိတ်အခြေခံရမည့် မူများအဖြစ် ချမှတ်သင့်ကြောင်း တင်ပြအပ်ပါသည်။

**သဘာပတိကြီးနှင့် အမျိုးသားညီလာခံ ကိုယ်စားလှယ်များခင်ဗျား–**

ကျွန်တော်တို့ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဖွဲ့စည်းပုံ အခြေခံဥပဒေပြင်ဆင်ခြင်း အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူ (၄)ချက်၊ နိုင်ငံတော်အလံ၊ အထိမ်းအမှတ်တံဆိပ်၊ သီချင်းနှင့် မြို့တော်အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ (၅)ချက်၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ အခန်းအတွက် ချမှတ်သင့်တဲ့ အသေးစိတ် အခြေခံရမည့်မူ(၈)ချက်နှင့် အထွေထွေပြဋ္ဌာန်းချက်များအခန်း အတွက် ချမှတ်သင့်တဲ့ အသေးစိတ်အခြေခံရမည့်မူ(၂၆)ချက်တို့ကို အသေးစိတ် အခြေခံရမည့်မူအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါတယ်။

ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးအတွက် အမျိုးသားညီလာခံကြီးအောင်ရမည်လို့ သန္နိဋ္ဌာန်ချမှတ်ပြီး နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်လာနိုင်ရန် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် ပြီးဆုံးသည်အထိ လက်တွဲမဖြုတ်စတမ်း ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့ရဲ့ကိုယ်စားတင်ပြရင်း နိဂုံးချုပ်ပါတယ်ခင်ဗျား။ ။

**ဖတ်ကြား**

**ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်မှ ကိုယ်စားလှယ် ဦးစိုင်းယီမွန် တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့၏ အကြံပြုချက် စာတမ်းကို ဖတ်ကြားတင်ပြစဉ်။**

(သတင်းစဉ်)



## MRTV-4
## ရုပ်မြင်သံကြားအစီအစဉ်

**၃၁-၁၂-၂၀၀၆ (တနင်္ဂနွေနေ့)**

- ၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇:၀၅ သူချစ်ကိုယ်ချစ်မေတ္တာစစ် တရားတော် (အရှင်ဆေကိန္ဒ)အပိုင်း(၂)
- ၇:၃၀ Sunday Talk (မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို (စက်မှုတက္ကသိုလ်)
- ၈:၁၅ တေးဂီတအစီအစဉ်
- ၈:၂၀ အဖေတူသမီး(သူရိန် သင်တန်းသား/သူများ)
- ၉:၁၀ တေးဂီတအစီအစဉ်
- ၉:၁၅ နိုင်ငံတကာအနုပညာရေးရာ
- ၉:၄၅ တေးဂီတအစီအစဉ်
- ၉:၅၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၀:၀၀ အသိဉာဏ်ပစ္စည်း မူပိုင်ခွင့်ဆိုင်ရာ သိကောင်းစရာများ ကုန်အမှတ်တံဆိပ် (Trade Mark) (ဒေါက်တာမိုးမိုးသွယ်)
- ၁၀:၁၀ မိုးလေဝသခန့်မှန်းချက်
- ၁၀:၁၅ မိသားစုတနင်္ဂနွေ (ရွှေတိဂုံစေတီတော်)
- ၁၀:၃၀ တေးဂီတအစီအစဉ်
- ၁၀:၃၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀:၄၀ ကျန်းမာရေးကဏ္ဍ (ဒေါက်တာအောင်မြတ်သွင် (မေ့ဆေးပါမောက္ခ) ဆရာဝန်အပ်စိုက်ကုပါရဂူနှင့် တွေ့ဆုံခြင်း) (ပထမပိုင်း)
- ၁၁:၁၀ တေးဂီတအစီအစဉ်
- ၁၁:၁၅ ပင်လယ်ရေထွက်လုပ်ငန်းဖြင့် ဖွံ့ဖြိုးတိုးတက်နေသော ရခိုင်ပြည်နယ်
- ၁၁:၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၁၁:၃၅ တေးဂီတအစီအစဉ်
- ၁၁:၄၀ Yangon Panorama (Four=Art ပန်းချီနှင့် ဓာတ်ပုံပြပွဲ)
- ၁၂:၁၅ တေးဂီတအစီအစဉ်
- ၁၂:၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂:၂၅ Music Gallery (စိုင်းစိုင်းဟုခေါ်သည်)
- ၁:၀၀ MRTV-4 အပိတ် Logo၊

**အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီအထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိတစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

# ၂၀၀၆ ခုနှစ်ကို ပြည်ဖုံးကား ချလိုက်သောအခါ....

**၂၀၀၆ ခုနှစ်သည် မကြာမီအချိန်အတွင်း ကုန်ဆုံးတော့မည်။ တစ်နှစ်တာကာလအတွင်း ကမ္ဘာ့သတင်းများ အများအပြားဖြစ်ပေါ်ခဲ့သည်။ ၂၀၀၆ ခုနှစ် ပြည်ဖုံးကားအချတွင် တစ်နှစ်အတွင်း ဖြစ်ပျက်ခဲ့သော စိတ်ဝင်စားဖွယ် ထူးခြားသတင်းအချို့တို့ကို လစဉ်အလိုက်စုစည်းပြီး မြန်မာ့အလင်း နိုင်ငံခြားသတင်း စာတည်းအဖွဲ့က စုစည်းဖော်ပြလိုက်ပါသည်။**



**ဘရာဇီး အာကာသ ယာဉ်မှူး**

**ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူး မားကို့စ်ပွန်တက်ဇ်။**

(ဓာတ်ပုံ–အင်တာနက်)

**ဇန်နဝါရီ**။
* ဂျပန်နိုင်ငံတွင် ဆီးနှင်းများထူထပ်သိပ်သည်းစွာ ကျဆင်းခဲ့ပြီး အအေးဓာတ်ပြင်းထန်ခဲ့သဖြင့် ဇန်နဝါရီလဆန်းတွင် အအေးလွန်ကဲမှုကြောင့် လူ ၁၀၄ ဦး သေဆုံးခဲ့ကြောင်း ဂျပန်မီဒီယာများက ဖော်ပြသည်။
* အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် ဇန်နဝါရီ ၈ ရက်က အအေးလှိုင်းများ ကျရောက်ခဲ့ပြီး အပူချိန်ကျဆင်းခဲ့ရာ အိန္ဒိယနိုင်ငံမြို့တော်နယူးဒေလီ၌ နှစ်ပေါင်း ၇၀အတွင်း အအေးဆုံးအဖြစ် စံချိန်တင်ခဲ့သည်။
* ဆိုက်ပရပ်စ်နိုင်ငံ နီကိုးရှားမြို့ရှိ ဗဟိုခွဲစိတ်အစားထိုးဆေးရုံသည် ကျောက်ကပ်အစားထိုး ခွဲစိတ်ပေးနိုင်မှုများ အောင်မြင်စွာ ပြုလုပ်နိုင်ခဲ့ရာ ကမ္ဘာပေါ်တွင် ကျောက်ကပ်အစားထိုးခွဲစိတ်ပေးနိုင်သည့် အအောင်မြင်ဆုံးနိုင်ငံတစ်နိုင်ငံဖြစ်လာကြောင်း ဆိုက်ပရပ်စ်နိုင်ငံ မီဒီယာများက ဖော်ပြသည်။
* ဇန်နဝါရီ ၁၁ရက်က အမေရိကန်နိုင်ငံ အလက်စကာပြည်နယ်ရှိ အော်ဂတ်စတင်းမီးတောင်ပေါက်ကွဲမှုဖြစ်ပွားသည်။
* ကူဝိတ်အိမ်ရှေ့မင်းသား ရှိတ်ဆဒ်အယ်လ်အဗ္ဗဒူလာအယ်လ်ဆာဗားအား ကွယ်လွန်သွားသည့် ကူဝိတ်စော်ဘွားနေရာတွင် ဇန်နဝါရီ ၁၅ ရက်မှစတင်ကာ စော်ဘွားအဖြစ် တင်မြှောက်လိုက်သည်။

**ဖေဖော်ဝါရီ**။
* အိန္ဒိယနိုင်ငံသည် ၁၅ နှစ်တာ ကာလအတွင်း ပထမဆုံးအနေဖြင့် ပြင်သစ်နိုင်ငံမှ အဲဘတ်စ်လေယာဉ် ၄၃ စင်းဝယ်ယူလိုက်သည်။ အဲဘတ်စ်လေယာဉ်များ၏ တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂ ဒသမ ၅ ဘီလီယံရှိပြီး လေယာဉ်များရောင်းဝယ်မှုနှင့်ပတ်သက်၍ သဘောတူညီမှုကို ပြင်သစ်သမ္မတဂျက်ရှီယက်နှင့် အိန္ဒိယဝန်ကြီးချုပ်မန်မိုဟန်ဆင်း တို့က နယူးဒေလီမြို့တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။
* ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းရှိ လေဆီဒေသ တောင်ပိုင်းကျေးရွာတစ်ရွာတွင် မြေပြိုမှုဖြစ်ပွားရာ လူ ၁၅၀၀ ကျော်သေဆုံးခဲ့သည်။ ၎င်းဒေသတွင် ရက်ပေါင်းများစွာ မိုးသည်းထန်ခဲ့ပြီး အင်အားအသင့်အတင့်ရှိသော မြေငလျင်လည်းလှုပ်ခဲ့ခြင်းကြောင့် ယခုကဲ့သို့ မြေပြိုကျမှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် မြေပြိုကျမှုကြောင့် လူအများဆုံးသေဆုံးခဲ့ရသည့် ဖြစ်ရပ်ဟု ဖိလစ်ပိုင်မီဒီယာများက ဖော်ပြသည်။
* စပိန်နိုင်ငံအရှေ့မြောက်ပိုင်းတွင် ဖေဖော်ဝါရီ ၁၇ ရက်က ကာရေဘီယံ ပင်လယ်ပြင်၌ လေပြင်းမုန်တိုင်းတိုက်ခတ်ပြီး လှိုင်းတံပိုးပြင်းထန်ခဲ့ရာ လှိုင်းလုံးများ၏ အမြင့်ပေသည် ၃၃ ပေအထိရှိကြောင်း ဆူနာမီရေလှိုင်းများနီးပါးရှိသော ရေလှိုင်းများဖြစ်သည်ဟု ဖော်ပြသည်။
* အီဂျစ်နိုင်ငံအရှေ့ဘက် ပင်လယ်နီအတွင်း၌ ခရီးသည် ၁၃၀၀ တင်ဆောင်လာသည့် ကူးတို့သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ အသက်ရှင်သူ ၃၁၄ ဦးသာ ရှိကြောင်း အီဂျစ်မီဒီယာများက ဖော်ပြသည်။ ၎င်းသင်္ဘောသည် ဆော်ဒီအာရေဗျ နိုင်ငံ ဒူဘာဆိပ်ကမ်းမှ အီဂျစ်နိုင်ငံ ဆာဖာဂါဆိပ်ကမ်းအကြား ညအချိန်တွင် ခုတ်မောင်းလာခဲ့သော ခရီးသည်တင်သင်္ဘောဖြစ်သည်။

**စုစည်းတင်ပြသူ– မောင်မောင်မြင့်ဆွေနှင့် မြင့်မောင်စိုး**

* ကမ္ဘာ့သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် အင်အားကြီးနိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိအောင် တရုတ်နိုင်ငံက ကြိုးစားမည်ဖြစ်ရာ လာမည့် ၁၅ နှစ်တွင် ဆန်းသစ်တီထွင်မှုများဖြင့် တိုးတက်နေသော နိုင်ငံတစ်နိုင်ငံအဖြစ် ရောက်ရှိအောင် လုပ်ဆောင်သွားမည်ဟု တရုတ်အစိုးရက ဖေဖော်ဝါရီ နောက်ဆုံး သီတင်းပတ်အတွင်း၌ သတင်းထုတ်ပြန်သည်။

**မတ်**။
* ပါကစ္စတန်နိုင်ငံက ဒုတိယအကြိမ်မြောက် နျူကလီးယားထိပ်ဖူးတပ် ဒုံးကျည်တစ်စင်းကို မတ် ၂၁ ရက်က အောင်မြင်စွာ ပစ်လွှတ်လိုက်သည်။ ဘာဘာရာအမည်ရှိ အဆိုပါဒုံးကျည်သည် ရေဒါဖြင့်ဖမ်းယူရန် ခက်ခဲအောင် မြေနိမ့်၌ ပျံသန်းနိုင်ခြင်း၊ ထိန်းချုပ်ရန် လွယ်ကူခြင်း၊ ပစ်မှတ်တိကျခြင်း အချက်တို့နှင့် ပြည့်စုံသည့်အပြင် ကီလိုမီတာ ၅၀၀ အထိရောက်အောင် ပစ်ခတ်နိုင်သည်ဟုဆိုသည်။
* ၂၀၀၆ ခုနှစ်အတွက် ထူးချွန်ထက်မြက်သော သင်္ချာပညာရှင်ဆုကို ဆွီဒင်လူမျိုး သင်္ချာသုတေသီတစ်ဦးဖြစ်သူ ဆွီဒင်နည်းပညာတက္ကသိုလ်မှ ပါမောက္ခလင်းနက်ကာလီဆင်က ဆွတ်ခူးရရှိကြောင်း မတ် ၂၅ ရက်က သတင်းထုတ်ပြန်သည်။ အဆိုပါဆုကို နော်ဝေဘုရင်က နှစ်စဉ်ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး နိုင်ငံတကာသင်္ချာ ပညာရှင်ငါးဦးပါဝင်သော ကော်မတီက ရွေးချယ်ပေးခြင်းဖြစ်သည်။ လင်းနက်ကာလီဆင်သည် အသံလှိုင်းပုံစံများနှင့်ပတ်သက်၍ သင်္ချာနည်းအရ သုတေသန ပြုလုပ်နိုင်ခဲ့ခြင်းကြောင့်ဖြစ်ပြီး ဆုငွေမှာ အမေရိကန်ဒေါ်လာ ၉၀၉၉၀၀ ဖြစ်သည်။
* မတ် ၂၉ ရက် မွန်းလွဲပိုင်းက လုံးဝနေကြတ်ခြင်း ဖြစ်ပေါ်ခဲ့ရာ ဘရာဇီးနိုင်ငံ အရှေ့မြောက်ပိုင်းမှ မွန်ဂိုလီးယားအထိ ကမ္ဘာ့နိုင်ငံအသီးသီးမှ သိပ္ပံပညာရှင်များ၊ ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်သူများက ကမ်းခြေဒေသများနှင့် အားကစားကွင်းများ၌ သွားရောက်ကြည့်ရှုခဲ့ကြသည်။ နေကြတ်ရာလမ်းကြောင်းတစ်လျှောက်တွင် ညသည်နေ့ဖြစ်ပြီး ကမ္ဘာမြေနှင့်နေအကြားမှ လထွက်ပေါ်လာမည်ဖြစ်သည်။ လ၏ အစွန်းဘက်တွင် ရောင်ခြည်များထွက်ပေါ်လာပြီး လူ၏မျက်စိကို အန္တရာယ်ပေးနိုင်သည်။ နေကြတ်ခြင်းကို အိန္ဒိယနိုင်ငံတွင်လည်း တွေ့ရပြီး မတ် ၂၉ ရက် ဒေသစံတော်ချိန် ၁၄း၀၅ နာရီ၌ နေကြတ်ခြင်းစတင်ဖြစ်ပေါ်သည်။
* တရုတ်နှင့် ဗီယက်နမ်နှစ်နိုင်ငံတို့သည် မြစ်နီမြစ်ကိုဖြတ်ပြီး တံတားတစ်စင်း တည်ဆောက်ရန် ဗီယက်နမ်အစိုးရက သဘောတူလိုက်ပြီဖြစ်ကြောင်း မတ် ၃၀ ၌ သတင်း ထုတ်ပြန်သည်။ ထိုတံတားမှာ ဗီယက်နမ်နိုင်ငံမြောက်ပိုင်းနှင့် တရုတ်



**ဂျပန်နိုင်ငံ ဒေသအများအပြားတွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီလဆန်းမှစ၍ ဆီးနှင်းများ ထူထပ်စွာ ကျဆင်းခဲ့သည်ကို ဤသို့တွေ့ခဲ့ရသည်။**

(ဓာတ်ပုံ–အင်တာနက်)

နိုင်ငံယူနန်ပြည်နယ် ဟီကူခရိုင်တို့ကို ဆက်သွယ်ဖောက်လုပ်မည်ဖြစ်ပြီး ၂၀၀၇ ခုနှစ်၌ တည်ဆောက်မှုပြီးစီးမည်ဖြစ်သည်။
* ဘရာဇီးနိုင်ငံသား ဒုတိယဗိုလ်မှူးကြီး မားကို့စ်ပွန်တက်ဇ်သည် ဘရာဇီးနိုင်ငံ၏ ပထမဆုံးသော အာကာသယာဉ်မှူးအဖြစ် မတ် ၃၁ရက်က ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနော အာကာသစခန်းမှ ရုရှားလုပ် ဆိုယုဇ်ဒုံးပျံယာဉ်ဖြင့် အာကာသသို့ သွားရောက်နိုင်ခဲ့သည်။

**ဧပြီ**။
* အီရန်နိုင်ငံ အနောက်ပိုင်းဒေသတွင် အင်အားပြင်း ငလျင်လှုပ်မှုကြောင့် လူ ၇၀ သေဆုံးပြီး ၁၂၀၀ခန့် ဒဏ်ရာရရှိခဲ့ကြောင်း ငလျင်အင်အားမှာ ရစ်ချ်တာစကေး ၆ဒသမ ၂ရှိကြောင်း အီရန် မီဒီယာများက ဧပြီ ၁ ရက်၌ သတင်းထုတ်ပြန်သည်။
* အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်တွင် ဗုံးပေါက်မှုဖြစ်ပွားခဲ့ရာ လူ ၂၃ဦး သေဆုံးပြီး ၆၂ဦးဒဏ်ရာရရှိခဲ့သည်။
* တရုတ်နိုင်ငံ မြောက်ပိုင်း ရှန်စီပြည်နယ်ရှိ တိုင်ယွမ်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ လောင်းမတ် ၄–ဘီ ဒုံးပျံဖြင့် ဆက်သွယ်ရေး ဂြိုဟ်တုတစ်ခုကို ဧပြီ ၂၇ ရက်က အောင်မြင်စွာ လွှတ်တင်ခဲ့သည်။ **(အောက်ပုံ)**



* နီပေါကွန်ဂရက်ခေါင်းဆောင် ဂီရီဂျာပရာဆက်ကိုရာလာသည် ဘုရင်ဂျာနင်ဒရာ ရှေ့မှောက်တွင် နီပေါဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုသည်။ ဂီရီဂျာပရာဆက်ကိုရာလာသည် ဝန်ကြီးချုပ်အဖြစ် ဘုရင့်နန်းတော်၌ ကျမ်းကျိန်ဆိုခြင်းဖြစ်ပြီး လက်ရှိ အသက်မှာ ၈၄ နှစ်ဖြစ်သည်။
* ပါကစ္စတန်နိုင်ငံက တိုက်ချင်းပစ် ဒုံးကျည်တစ်မျိုးကို အောင်မြင်စွာ ပစ်လွှတ်သည်။ ၎င်းဒုံးကျည်သည် ကီလိုမီတာ ၂၀၀၀အကွာအဝေးရောက်အောင် ပစ်ခတ်နိုင်ပြီး ရှာဟင်း(၃)ဟု အမည်ပေးထားသည်။ ပါကစ္စတန်နိုင်ငံတွင် အဝေးဆုံးပစ်ခတ်နိုင်သည့် ဒုံးကျည်ပင်ဖြစ်သည်။

**မေ**။
* (၂၈)ကြိမ်မြောက် ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာ ညီလာခံတစ်ရပ်ကို အင်ဒိုနီးရှားနိုင်ငံမြို့တော် ဂျကာတာ၌ မေ ၁၅ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့သည်။ ဆွေးနွေးပွဲ၌ စားနပ်ရိက္ခာဖူလုံရေးနှင့် ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်တားဆီးရေးနှင့် ဇီဝစွမ်းအင်တီထွင်ထုတ်လုပ်ရေး စသည့် အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။
* ဥရောပတွင် အကြီးဆုံးမီးရထားဘူတာရုံဖြစ်သော ဂျာမနီနိုင်ငံ ဘာလင်မြို့ရှိ ဟပ်ဘန်ဟော့ဖ်အမည်ရှိ ဘူတာရုံကို မေ ၂၆ ရက်က ဖွင့်လှစ်လိုက်သည်။ ၎င်းဘူတာရုံကို ပေါင်ငွေသန်း ၄၈၀ကုန်ကျခံကာ ရှစ်နှစ်ကြာ တည်ဆောက်ခဲ့ရသည်။ အဆိုပါဘူတာရုံကို ဂျာမနီနိုင်ငံပိုင် ဒိုင်းဘန်းရထားကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်ခြင်းဖြစ်သည်။
* အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း အလယ်ပိုင်းဒေသများနှင့် ဂျော့ဂျကာတာမြို့တို့တွင် မေ ၂၇ ရက် နံနက်ပိုင်းက ရစ်ချ်တာစကေး ၆ ဒသမ ၂ ရှိသော မြေငလျင်လှုပ်ခဲ့ရာ အဆောက်အအုံများ ပြိုကျပြီး လူ ၅၀၀၀နီးပါး သေဆုံးခဲ့ရသည်။
* မလေးရှားနိုင်ငံသမိုင်းတွင် ပထမဆုံးအဆုတ်အစားထိုး ကုသမှုနှင့် နှလုံးအစားထိုး ကုသမှုကို တစ်ပြိုင်နက်တည်း ပထမဦးဆုံး အောင်မြင်စွာ ကုသနိုင်ခဲ့သည်။ အသက် ၃၇နှစ်အရွယ်ရှိ မလေးရှားနိုင်ငံသားတစ်ဦး၏ အဆုတ်နှင့် နှလုံးတို့အား အစားထိုး ခွဲစိတ်ပေးနိုင်ခြင်းဖြစ်သည်။

**ဇွန်**။
* စင်ကာပူနိုင်ငံတွင် ဇွန် ၆ရက်က မင်္ဂလာမောင်နှံစုံတွဲပေါင်း ၃၁၀တို့က စုပေါင်းလက်ထပ်ပွဲကြီး ကျင်းပခဲ့သည်။
* ပေါ်တူဂီနိုင်ငံတောင်ပိုင်း အလန်တီဂျိုဒေသတွင် ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်သုံး စက်ရုံကြီးကို ဇွန် ၆ ရက်၌ စတင် တည်ဆောက်ခဲ့သည်။
* အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့အကြား ငြိမ်းချမ်းရေး တိုးမြှင့်ရန်ရည်ရွယ်၍ ကက်ရှ်မီးယားဒေသ၌ ဒုတိယမြောက် ဘတ်စ်ကားလိုင်းကို ဇွန်၂၀ရက်က ဖွင့်လှစ်ခဲ့သည်။
* အင်ဒိုနီးရှားနိုင်ငံ ဂျာဗားပြည်နယ်ရှိ ရိုမီရာပီမီးတောင်ကြီး ဇွန် ၈ရက်က ပေါက်ကွဲခဲ့ရာ လူပေါင်း ၁၈၀၀၀ ဘေးကင်းရာသို့ ထွက်ပြေးခဲ့ရသည်။ ထို့အတူ အင်ဒိုနီးရှားနိုင်ငံတောင်ပိုင်း ဆူလာဝေဆီပြည်နယ်၌ ဇွန် ၂၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် လူ၁၀၀ ကျော် သေဆုံးခဲ့ရသည်။

**(ဆက်လက်ဖော်ပြပါမည်)**

**(မြန်မာ့အလင်း)**

## မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၂၈ လမ်း၊ စိတ္တရမဟီရပ်နေ
ဦးရန်အေး-ဒေါ်ချိုချိုတို့၏သားကြီး

**မောင်ရန်နိုင်အေး**

**Firmware Engineer, Sun Japan Systems Pte Ltd, Singapore,**
**M.Sc (Computer Control & Automation)**
**Nanyang Technological University, Singapore,**
**B.E (Electronics) Mandalay Technological University**

**နှင့်**

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ
ဒုတိယဗိုလ်မှူးကြီးညွန့်လှိုင်-ဒေါ်ရီရီတင့်
တို့၏တစ်ဦးတည်းသောသမီး

**မမြသီရိလှိုင်**

**M.Sc (Communication Software & Network)**
**Nanyang Technological University, Singapore,**
**M.C Tech (Computer Technology) U.C.S.M**

တို့၏ ၂၁-၁၂-၂၀၀၆ရက်တွင် ကျင်းပသည့် မင်္ဂလာလက်ထပ်စာချုပ်တွင် လက်မှတ်ရေးထိုးပေးသော တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ် ဦးခင်မောင်လတ်၊ ၂၃-၁၂-၂၀၀၆ရက် အောင်ချမ်းသာ ပရိယတ္တိကျောင်းတွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကပ်နှင့် ၂၄-၁၂-၂၀၀၆ရက် Oriental House တွင်ကျင်းပသော မင်္ဂလာညှော်ခံပွဲ၌ မင်္ဂလာပန်းကုံးချီးမြှင့်ပေးသော တရားရုံးချုပ်(မန္တလေး)တရားသူကြီး ဦးစန်းတင့်ရီနှင့် ဇနီး ဒေါ်ချိုချိုသက်၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးသော တရားရုံးချုပ်(မန္တလေး)တရားသူကြီး ဦးမြင့်အောင်နှင့်ဇနီး ဒေါ်လှလှသန်း၊ မင်္ဂလာညှော်ခံပွဲသို့ ကြွရောက်ချီးမြှင့်သော မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး ဒေါ်မိုးသီတာ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုနှင့် စစ်ဘက်၊ နယ်ဘက်မှ ဧည့်ပရိသတ်များ၊ မေတ္တာဖြင့် ဗီဒီယို၊ ဓာတ်ပုံ မှတ်တမ်းတင်ပေးသော ကိုစစ်သွေးကျော်(လွှမ်းမိုးအောင်)ဓာတ်ပုံအဖွဲ့၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးသော မိတ်ဆွေ၊ သူငယ်ချင်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်ရန်နိုင်အေး-မမြသီရိလှိုင်။**

### အမှားပြင်ဆင်ချက်

၃၀-၁၂-၂၀၀၆ရက်ထုတ် သတင်းစာ စာမျက်နှာ(၁၄)တွင် ဖော်ပြပါရှိသော မွေးနေ့မင်္ဂလာဆုတောင်းလွှာတွင် ဟောသာလွင် (ခေတ္တ-နယူးယောက်) အစား ဟေသာသွင်(ခေတ္တ-နယူးယောက်) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

### (ကမ-၃)မိတ္တူပျောက်ဆုံးခြင်း

ယာဉ်အမှတ် စတ/၁၀၀၇၊ အမျိုးအမည် ဟွန်ဒါ-ဒရိမ်း အမျိုးအစား ဆိုင်ကယ်အား တောင်ကုတ်မြို့ ဂူတာရပ်ကွက်နေ ဦးသန်းဌေး ၁၁/တကန(နိုင်) ၀၀၀၄၃၉ က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကညန၊ပြည်နယ်ရုံး(စစ်တွေ)သို့ လာရောက်ဆက်သွယ်ပါရန်။ **ကညန၊ပြည်နယ်ရုံး(စစ်တွေ)။**


NIBBAN
MRTV-4 ANTENNA
UHF Antenna
NIBBAN ELECTRIC & ELECTRONICS

7 DAY SPORTS journal
Tel: 01-243 542
09-51-73255

City FM 5th Anniversary
CITY FM Radio Station
CITY FM
MDG
MYANMAR DISTRIBUTION GROUP COMPANY LIMITED
Gold Roast COFFEE MIX
Gold
Kid
No. 23, Kyansitthar Street, Block ( E ), Industrial Zone, North Okkalapa Township, Yangon, Myanmar


## လှိုင်မြို့နယ်နှင့် ဒိုက်ဦးမြို့နယ်များ၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဒီဇင်ဘာ ၃၀**

ဒီဇင်ဘာ၂၈ရက် နံနက်၁၀ နာရီခန့်တွင် ရန်ကုန်တိုင်း လှိုင်မြို့နယ် (၆)ရပ်ကွက် ပိတောက်ရွှေဝါ(၁)လမ်း အမှတ်(၁/ခ) အိမ်ရှင် ဦးမောင်ဦး၏ အိမ်တွင် မီးသွေးမီးဖိုဖြင့် ထမင်းအိုးတည်ရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်ရာသို့ သန္တေ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၁၃ဦး စုပေါင်းငြိမ်းသတ်ခဲ့သည်။

**ဆုံးရှုံး**

မီးလောင်မှုကြောင့် အိမ်သုံးလုံးနှင့်တစ်ခြမ်းမီးလောင်ခံရပြီး လူဦးရေ၂၇ဦး မီးဘေးဒုက္ခရောက်ကာ ငွေကျပ်၂၀၀၀၀၀ဖိုးခန့်ဆုံးရှုံးသည်။

အလားတူ ဒီဇင်ဘာ၂၈ရက်ည ၁၀နာရီခန့်တွင် ပဲခူးတိုင်း ဒိုက်ဦးမြို့နယ် အမှတ်(၅)ရပ်ကွက် ဖအောင်ဝင်းလမ်း ခေမာသီဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဦးခေနိန္ဒ၏ ဆွမ်းစားကျောင်းဆောင်၌ ကိုရင် ဥနိန္ဒ ဖယောင်းတိုင်မီးထွန်းပြီးအိပ်ရာမှ မီးလောင်မှုစတင်ဖြစ်ပွားခဲ့သည်။

**စုပေါင်းငြိမ်းသတ်**

မီးလောင်ရာသို့ ဒိုက်ဦးမီးသတ်စခန်းမှ သန္တေ အရန်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးစုပေါင်းငြိမ်းသတ်ခဲ့သည်။

မီးလောင်မှုကြောင့် ဆွမ်းစားကျောင်းဆောင်နှင့် အတွင်းပစ္စည်းများ မီးလောင်ခံရပြီး ငွေကျပ် ၂၀၀၀၀၀၀ဖိုးခန့် ဆုံးရှုံးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**


IHBC International Health & Beauty Centre
The unique ONE-STOP HEALTH & BEAUTY CENTRE in Myanmar for Your Health, Fitness, Longevity, Youthfulness and Beauty.
Health and Beauty supermarket, Sports & Fitness store, Diet clinic, Facial care, Slimming centre, Gymnasium & Fitness centre, Beauty salon, Pharmacy, Pharmaceutical office, Physiocare နှင့် Reflexology clinic
Health screening centre, Lab., X ray, ECG, Ultrasound, Dental clinic, Skin care, Offices of International hospitals နှင့် Promotion hall
Phone : 392919, 392920, 392921, 392982, 099925393, 095174706, Fax : 200138, E-mail swesonemedia@myanmar.com.mm



## ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ကျင်းပ

**ရွှေဘို ဒီဇင်ဘာ ၁၂**

ရွှေဘိုမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးကျင်းပသော ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ၄ရက် နံနက်၉နာရီက ရွှေဘို ပြည်သူ့ဆေးရုံဝင်းအတွင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အတွင်းရေးမှူး ဦးတင်မြင့်က အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်းကို ခရိုင်ဆရာဝန်ကြီး ဒေါက်တာဒေါ်မြမြအေးနှင့် ဒေါက်တာဦးအောင်သန်းတို့က အကျယ်တဝင့် ရှင်းပြကြသည်။ ထို့နောက် ဆုရကျောင်းသားကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**



**စစ်တွေမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော စစ်တွေမြို့ ပွိုင့်အပန်းဖြေစခန်း အဆင့်မြှင့်တင် ဆောင်ရွက်နေမှုလုပ်ငန်းကို စည်ပင်သာယာရေးဦးစီးဌာန(ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်လတ် နိုဝင်ဘာ ၂၈ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့က လုပ်ငန်းဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

**မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်အတွက် အင်ပင်လှကျေးရွာ အလှူရှင် စက်ရေတွင်း တူးဖော်နေမှု အခြေအနေကို ဒီဇင်ဘာ၄ ရက်က အမှုဆောင်အရာရှိ ဦးမြင့်လွင်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးစိန်သန်းငွေတို့ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။** (မြို့နယ်စည်ပင်)

## မြို့နယ်သတင်းများ

## မြန်မာ့လယ်ယာသုံးစက်ရုံ (အင်းကုန်း)ကျောက်ဆည်မြို့မှထုတ်လုပ်သော လယ်ယာ(၁၆)လက်တွန်းထွန်စက်များ ဧရာဝတီတိုင်းသို့တင်ပို့

**မြစ်ငယ် ဒီဇင်ဘာ ၁၆**

မန္တလေးတိုင်း စက်မှုလယ်ယာဦးစီးဌာနက မြန်မာ့လယ်ယာသုံးစက်ရုံ (အင်းကုန်း)ကျောက်ဆည်မြို့မှ ထုတ်လုပ်သော လယ်ယာ(၁၆) လက်တွန်းထွန်စက်အစီး ၂၀၀ကို ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များမှ တောင်သူများအား ပထမအကြိမ်ဖြန့်ဖြူးရောင်းချရန်အတွက် ဒီဇင်ဘာ၉ရက် နံနက်ပိုင်းက အမရပူရမြို့နယ် ရွှေကြက်ယက် ဆိပ်ကမ်းတွင် ဇက်သင်္ဘောဖြင့် တင်ပို့ကြသည်။

အဆိုပါ လယ်ယာ(၁၆) လက်တွန်းထွန်စက်များသည် ငွေကုန်လူပင်ပန်း သက်သာပြီး တစ်နေ့ ၃ ဧကအထိ တွင်ကျယ်စွာ ထွန်ယက်နိုင်သည့်အတွက် တောင်သူများ ဝယ်ယူသုံးစွဲနိုင်ရန်အတွက် မန္တလေးတိုင်း စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများ ကြီးကြပ်ဆောင်ရွက်ပြီး ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်များမှ တောင်သူများထံအရောက် ဖြန့်ဖြူးပေးရန် တင်ပို့ကြသည်။ **(၂၀၉)**

**ဒီဇင်ဘာ ၅ရက်က ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ထန်းတပင်မြို့ ကျောင်းမကြီးတောင် ဘက်လမ်းပေါက်ဖာထေးခြင်းလုပ်ငန်း အတွက်ပစ္စည်းစုဆောင်းမှုကိုကွင်းဆင်း ကြည့်ရှုရာအမှုဆောင်အရာရှိဦးထင် အောင်ဦးက ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## လွယ်မေ့ကျေးရွာ၌ စိမ့်စမ်းရေသွယ်

**ကျိုင်းတုံ ဒီဇင်ဘာ ၇**

ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ လွယ်မေ့ကျေးရွာ စိမ့်စမ်းရေသွယ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို နိုဝင်ဘာ၂၈ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့်အင်ဂျင်နီယာမှူး ဦးဉာဏ်ထွန်းတို့ ကွင်းဆင်းကြီးကြပ် ဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ လူကုန်ကူးမှု တားဆီးကာကွယ်ရေး ပညာပေး

**မန္တလေး ဒီဇင်ဘာ ၃**

မန္တလေးခရိုင် အောင်မြေသာစံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ၂ရက် မွန်းလွဲ၁ နာရီက ၁၁လမ်းနှင့် ၈၆လမ်းထောင့် ပြည်ကြီးရန်လုံရပ် ကြံခင်းဓမ္မာရုံတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းက အမှာစကားပြောကြားပြီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ စည်းရုံးရေးနှင့် ပြန်ကြားရေး တာဝန်ခံ ဒေါ်သန်းနွဲ့က လူမှောင်ခိုကုန်ကူးမှု တားဆီးကာကွယ်ရေး အကြောင်းကို လည်းကောင်း၊ ခရိုင်အဖွဲ့ဝင် ဒေါ်အေးအေးမြက ကြက်ငှက်တုပ်ကွေးရောဂါ ကာကွယ်ရေးအကြောင်း သိကောင်းစရာကို လည်းကောင်း၊ ခရိုင်အဖွဲ့ဝင် ဒေါ်သင်းသင်းနွယ်က ဆီးချိုသွေးချိုရောဂါအကြောင်းသိကောင်း စရာများကို လည်းကောင်း ပညာပေး ဟောပြောကြသည်။ **(၁၆၂)**



**နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးအောင်မြင့်ရွှေ ဦးဆောင်၍ မြို့မဈေးကြီးအတွင်း၌ စားသုံးသူများအား ရောင်းချလျက်ရှိသော ဆောင်းရာသီသီးနှံများပိုးသတ်ဆေးအန္တရာယ် ကင်းစင်မှုရှိ၊မရှိကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဝန်ထမ်း၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဈေးမိဈေးဖများ စုပေါင်း၍ ဒီဇင်ဘာ၂၀ ရက်က ကုန်စိမ်းသည်များအား လှည့်လည် စစ်ဆေးစဉ်။** (၀၈၅)



**ကျောက်ပန်းတောင်း မြို့ နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဌေးဝင်းနှင့် ဦးစီးအရာရှိ ဒေါ်နွယ်နီထွန်းတို့ အဖွဲ့ပိုင် မြို့ရှေ့ပန်းသီတာဥယျာဉ် အတွင်း နှစ်ရှည်ပင်များ သပ်ရပ်လှပမှု ရှိစေရေး ပြုပြင်ခြင်း၊ ပေါင်းမြက်များရှင်းလင်းခြင်း၊ ပျိုးဥယျာဉ်အတွင်း ပျိုးပင်များပျိုးထောင်ထားမှုကို နိုဝင်ဘာ ၃၀ရက်က ဝန်ထမ်းများနှင့် စုပေါင်းဆောင်ရွက် ကြစဉ်။** (မြို့နယ်စည်ပင်)

## လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး သင်တန်းဆင်း

**စဉ့်ကူး ဒီဇင်ဘာ ၂၄**

မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်မားရေး သင်တန်းအမှတ်စဉ် (၂/၂၀၀၆)ဆင်းပွဲကို ဒီဇင်ဘာ၁၆ ရက် နံနက် ၈နာရီခွဲက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လေးက သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ဒေါ်သောင်းသောင်းအေး၊ ဒုတိယဆုရ ဦးမြင့်လွင်၊ တတိယဆုရ ဦးကျော်မင်းဦးနှင့် သင်တန်းသား စံပြဆုရ ဦးစောထွန်းနောင်တို့အား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ရာ သင်တန်းသားများကိုယ်စား ဦးအေးမောင်(စဉ့်ကူး-၂)ကလက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



## စာပေဟောပြောပွဲ ကလော၌ကျင်းပ

**ကလော ဒီဇင်ဘာ ၁၅**

ရှမ်းပြည်နယ် ကလောမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ နှစ်စဉ်ကြိုးပမ်းလှုပ်ရှားခဲ့သော စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ ၆ရက် မွန်းလွဲ၁နာရီက မြို့နယ်ခန်းမ၌ ကျင်းပရာ စာရေးဆရာ ဒေါက်တာခင်မောင်ညို၊ ဆရာကောင်းသန့်နှင့် ဆရာမဂျူးတို့က ဟောပြောကြသည်။

ဒီဇင်ဘာ၇ရက်ကလည်း အောင်ပန်းခန်းမ၌ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ စာဆိုတော်နေ့ အထိမ်းအမှတ်စာပေဟောပြောပွဲကို ဆက်လက်ကျင်းပခဲ့သည်။ **(မြို့နယ်စာနယ်ဇင်း)**

**မိတ္ထီလာမြို့နယ် မယ်ဇလီပင်ရွာ အခြေခံပညာမူလတန်းကျောင်း အမှတ်(၃၀)၏ ၂၀၀၅-၂၀၀၆ခု ပညာသင်နှစ်တွင် ပထမဆု ငါးနှစ်ဆက်တိုက်ဆုရ မောင်မိုးကိုကိုအား ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်လှိုင်က စလွယ်ဆု ချီးမြှင့်စဉ်။** (ပညာရေး)



**၁၃၆၈ခုနှစ် ပြာသိုလဆန်း ၁၄ ရက်**
**၁-၁-၂၀၀၇ (တနင်္လာနေ့)**

## မြန်မာ့အသံ နားဆင်စရာ

**နံနက်ပိုင်း**

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မင်္ဂလသုတ်)

**နေ့လယ်ပိုင်း**

၀၉:၃၅ ဟောပြောချက် (လွတ်လပ်ရေးကို မြတ်နိုးပါ)
၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
၁၁:၄၀ သုတစုံစွာသိမှတ်စရာ (ဒုတိယကမ္ဘာစစ်အတွင်း ဂျပန်ပြည်၏ အတွေ့အကြုံ) (သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၄၀ သီချင်းကြီး ပဒေသာ
(၁) ဂန္ဓမာတောင်ပတ်ပျိုး (တက္ကသိုလ်မဝင်းကြည်)
(၂) မြိုင်ရဂုံပတ်ပျိုး (မိုးလှိုင်ဟိန်း)
(၃) သောင်းရွှေ့လယ်ယိုးဒယား (မဥ္ဇူသင်း)
၁၃:၁၀ ပညာရေးအစီအစဉ် (စတုတ္ထတန်း-အခြေခံသိပ္ပံ) (ကျောရိုးရှိ ကျောရိုးမဲ့သတ္တဝါနှင့် ပတ်သက်၍သင်ပြနည်းသိကောင်းစရာ)

**ညနေပိုင်း**

၁၆:၁၀ မြတ်နိုးစရာ ကျေးရွာတေးကဗျာ
(၁) အေးမြတို့ရွာ (ခင်ခင်ညွန့်)
(၂) တောပန်းငွေစပယ် (ဟသ်ာတထွန်းရင်)
(၃) ပျိုးလေးတို့ရွာတန်းရှည် (သင်းသင်းမြတ်)
၁၆:၂၅ ထီပေါက်စဉ်
၁၇:၃၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဂုဏ်ရည်မြင့်မား လွတ်လပ်ရေး၏ အနှစ်သာရများ-ခိုင်ခိုင်)
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန်ဦးဘုန်းမြင့်)
၁၉:၁၅ လွတ်လပ်ရေးနေ့ ဂုဏ်ပြုအငြိမ့်
၂၀:၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ဇရာ (ကိုမင်းနောင်)
(၂) ပန်းဦးပန်မယ့်သူ (သုမောင်)
(၃) ချစ်စကားဆိုလှည့်ပါ (နိုင်နိုင်မော်)

# အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်

ရန်ကုန် ဒီဇင်ဘာ ၃၀

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံအောင်မြင်စွာကျင်းပပြီးစီး၍ ခေတ္တရပ်နားချိန်၌ ညောင်နှစ်ပင်စခန်းမှ မိမိတို့နေထိုင်ရာ နေရပ်ဒေသအသီးသီးသို့ ပြန်လည်ထွက်ခွာကြမည့် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားညီလာခံကိုယ်စားလှယ်များအား ယနေ့နံနက်ပိုင်းတွင် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။**

စာမျက်နှာ ၃ ကော်လံ ၁ ●

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး



**ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်**

**အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံအောင်မြင်စွာကျင်းပပြီးစီး၍ ခေတ္တရပ်နားချိန်၌ ညောင်နှစ်ပင်စခန်းမှ မိမိတို့နေထိုင်ရာ နေရပ်များသို့ ပြန်လည်ထွက်ခွာကြမည့် ပြည်နယ်နှင့်တိုင်းများမှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးပို့ဆောင်နှုတ်ဆက်စဉ်။**

(သတင်းစဉ်)

**ရှာဖွေရေးတွင်း ဇော်တိက–၁(က)**

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက် အမှတ် M–9 ရှိ ရှာဖွေရေးတွင်း အမှတ် ဇော်တိက-၁(က)ကို တွေ့ရစဉ်။ (စွမ်းအင်)

# မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M–9 ရှိ ရှာဖွေရေးတွင်း ဇော်တိက–၁(က)မှ နိုင်ငံတကာအဆင့်မီ စီးပွားဖြစ်သဘာဝဓာတ်ငွေ့သိုက်ကြီးတစ်ခု ထပ်မံတွေ့ရှိ

ရန်ကုန် ဒီဇင်ဘာ ၃၀

**စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးနှင့် စွမ်းအင်ဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီ President Mr. Maroot Mrigadat တို့နှင့်အတူ ယနေ့နံနက်ပိုင်းက မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်းအမှတ် ဇော်တိက–၁(က) တွင်းတူးဖော် စမ်းသပ်မှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။**



ရေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့အား မုတ္တမကမ်းလွန်ရှိ ရေနံတွင်းတူးစက် Doo Sung မှ PTTEP ကုမ္ပဏီ General Manager Mr. Prapat Soponpongpipat နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် ဝန်ကြီးအား တွင်းတူးစင် အစည်းအဝေးခန်းမ၌ Operation Manager Mr. Pasook က အစမ်းတွင်းအမှတ် ဇော်တိက–၁(က)ကို အောင်မြင်စွာ တူးဖော်စမ်းသပ်နိုင်ခဲ့မှုအခြေအနေကိုလည်းကောင်း၊ General Manager Mr. Prapat က လုပ်ကွက်အမှတ် M-9၏ အလားအလာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ၂၀၀၇ခုနှစ် ပွင့်လင်းရာသီအတွင်း အလားအလာကောင်းသော ဘူမိအနေအထားများတွင် ရှာဖွေရေးတွင်းများကို အချိန်မီပြီးစီးအောင် တူးဖော်သွားရန်နှင့် စီးပွားဖြစ်ထုတ်လုပ်မှုကို အမြန်ဆုံးစတင်နိုင်ရေး ကြိုးစားလုပ်ဆောင်သွားကြရန်မှာကြားသည်။

**ညှိနှိုင်းဆွေးနွေး**

ဆက်လက်၍ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် PTTEP ကုမ္ပဏီတို့မှ တာဝန်ရှိသူများသည် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို အသေးစိတ်ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် မုတ္တမကမ်းလွန်တွင်းတူးစင်၌ တာဝန်ထမ်းဆောင်နေကြသော မြန်မာအမျိုးသားဝန်ထမ်းများနှင့် နိုင်ငံခြားသားဝန်ထမ်းများအား ဝန်ကြီးက သစ်သီးခြင်းလက်ဆောင်များပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် တွင်းတူးစင်ပေါ်သို့သွားရောက်ပြီး လုပ်ကွက်အမှတ် M–9 ရှာဖွေရေးတွင်းအမှတ်ဇော်တိက–၁(က)၏ သဘာဝဓာတ်ငွေ့မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve ဖွင့်ပြီး အောင်မြင်စွာမီးရှို့စမ်းသပ်ပေးသည်။

စာမျက်နှာ ၃ ကော်လံ ၄ ■